ကြေးမုံ
The Mirror

၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (4-9-2004) (၄၃၄၆)

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

မြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း (၈၀)ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မြန်မာနိုင်ငံတွင် ပထမဆုံး အသည်းအစားထိုးကုသမှု ခံယူခဲ့သည့် ဝေဒနာရှင်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဩဂုတ် ၂၅ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ လာရောက်ပြီး အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့် ဝေဒနာရှင်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြိုဆို

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ရှေ့ဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထူးကု လူနာဆောင် အထူးကြပ်မတ်ကုသခန်းသို့ သွားရောက်၍ အသည်းအစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သည့် ဝေဒနာရှင် ကိုခင်ဇော်ထက် ကျန်းမာရေးကောင်းမွန်ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှနှင့် အထူးကုဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကုလူနာဆောင် အထူးကြပ်မတ်ကုသခန်း၌ အသည်းအစားထိုးကုသမှု **အောင်မြင်စွာခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ အပြုံးကိုယ်စီကို ဤသို့ တွေ့မြင်ခဲ့ရသည်။** (သတင်းစဉ်)

ကြေးမုံ ဆောင်းပါးအညွှန်း

သဘာဝဓာတ်ငွေ့ကို အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ တန်ဖိုးမြင့်မားသော ဓာတ်ဆီ၊ ဒီဇယ်ဆီစသော စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းသည် သက်သာသည့်အပြင် အပြည့်အဝ ရောင်းချပေးနိုင်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာလာသဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိလာမည်မှာ မလွဲဧကန် ဖြစ်ပါကြောင်း။

မြင့်ငွေ(စွမ်းအင်)၏ **"သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးချဲ့သုံးစွဲရေး"** ဆောင်းပါး-(ကျောဖုံး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၄-၉-၂၀၀၄
(စနေနေ့)

ပြည်သူများ၏ ကျန်းမာရေး အဆင့်မြှင့်တင်ရေး အာဟာရပညာ ဖြန့်ဖြူးပေးမှု ဆက်လက်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း တည်ဆောက်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စွမ်းအားကို အားထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက်အဖြစ် ခိုင်ခိုင်မာမာ ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကျန်းမာ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့ အတွက် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁ ရက်နေ့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့်က အာဟာရပညာဖြန့်ဖြူးပေးမှုနှင့် စပ်လျဉ်း၍ **မိဘများအနေဖြင့် ဗီတာမင် ‘အေ’ဆေးလုံးများ၏ အကျိုးအာနိသင်ကို သိရှိနားလည်ပြီး မိမိတို့၏ ကလေးများကို တိုက်ကျွေးချင်လာအောင် အာဟာရပညာဖြန့်ဖြူးပေးမှု များ၊ အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်နှင့် အိုင်အိုဒင်းဆားစားသုံး ခြင်း၏ အကျိုးကျေးဇူးရလဒ်များကို ပြည်သူများသိရှိနားလည်ပြီး စံချိန်မီသည့် အိုင်အိုဒင်းဆားကို ရွေးချယ်စားသုံးလာအောင်၊ အာဟာရ ဖြန့်ဖြူးပေးမှုများ၊ ပြည်သူများအကြားတွင် ကျန်းမာရေးကို အထောက် အကူပြုသည့် နေထိုင်စားသောက်မှု ပုံသဏ္ဌာန်နှင့် အလေ့အထများ ထွန်းကားလာအောင် အာဟာရပညာဖြန့်ဖြူးပေးမှုများ ဆက်လက် ဆောင်ရွက်သွားကြဖို့ လိုအပ်ဦးမှာဖြစ်ကြောင်း** ပြောကြားသွားသည်။

လူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် အာဟာရချို့တဲ့မှု၊ အာဟာရ လွန်ကဲမှုများ ဖြစ်ပွားခြင်းသည် အဆိုပါ လူ့အဖွဲ့အစည်း၏ စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် အရင်းခံလျက်ရှိသည်။ အထူးသဖြင့် ကလေးများ၏ အာဟာရအခြေအနေသည် မိခင်များ၏ ပညာရေးနှင့် အာဟာရဗဟုသုတကြွယ်ဝမှု၊ ကလေးများအား အစားအသောက် ကျွေးမွေးပုံဓလေ့နှင့်အမူအကျင့်များ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရောဂါ ဘယဖြစ်ပွားမှုစသည့် နောက်ခံအကြောင်းရင်းများဖြင့် ဆက်စပ် တည်မှီလျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာကွယ်ဆေးထိုး ဆေးတိုက် လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်း ကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများဖြင့် ဟန်ချက်ညီညီ ပေါင်းစပ် လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဟာရဖွံ့ဖြိုးရေး နှင့် ကျန်းမာရေးပညာပေးရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်း များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ဒေသပြင်ပမှ အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အိုင်အိုဒင်းချို့တဲ့မှုရောဂါတားဆီးကာကွယ်ရေး အတွက် နိုင်ငံသားအားလုံး အိုင်အိုဒင်းဆားစားသုံး နိုင်ရေး ကျယ်ကျယ် ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံး၌ အိုင်အိုဒင်း ဆား စားသုံးနေသည့် အိမ်ထောင်စုပေါင်း ၈၆ ရာခိုင်နှုန်းအထိ ရရှိ ဖြစ်ထွန်းနေကြောင်းသိရသည်။

ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် မိခင်လောင်းများအတွက် သံဓာတ်ဆေးပြား ဖြန့်ဝေပေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအတွက် အာဟာရပြည့်ဝမျှတသည့် အစား အစာများ ပြင်ဆင်ချက်ပြုတ်ခြင်းပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက် သွားမည်ဖြစ်ရာ ငါးနှစ်အောက်ကလေးများ အာဟာရချို့တဲ့မှုနှုန်း ကျဆင်းရေးနှင့် မိခင်သေဆုံးမှုနှုန်းကျဆင်းရေး ကြိုးပမ်းမှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ဖြစ်ထွန်းလာစေရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက် ရှိချိန်တွင် နိုင်ငံသူ၊ နိုင်ငံသားများ အထူးသဖြင့်မိခင်များနှင့်ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးရေးနှင့် အာဟာရ ပညာပေးရေးလုပ်ငန်းများ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက တက်တက်ကြွကြွ ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုသိုလ်ပြုလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာကန္ဒီကျောင်းတိုက်များ၏ ပဓာနနာယက ကမ္ဘာ့သာသနာပြု ဆရာတော် ဘဒ္ဒန္တသုမန သာဂရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ မြန်မာကန္ဒီကျောင်းတိုက်ကြီးတွင် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဝါဆိုသံဃာတော်များနှင့် ယောဂီဥပုသ်သည်များအား ဥပဋ္ဌာကအဖွဲ့က နေ့ဆွမ်းဆက်ကပ် လှူဒါန်းလျက်ရှိပြီး ဦးဓမ္မိသရ (သာသနာ့ဓဇ ဓမ္မာစရိယ တက္ကသီလဓမ္မာစရိယ B.A ကမ္မဋ္ဌာနာစရိယ)က ကမ္မဋ္ဌာန်းတရား ဟောကြားပြသပေးလျက်ရှိရာ ကုသိုလ်ပြုလှူဒါန်းလိုပါက ကျောင်းတိုက် ဖုန်း-၅၉၃၃၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံတော်ဖြန့်တမ်း

ရန်ကုန် စက်တင်ဘာ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးစိုးဝင်းလှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန
(ခ)	ဦးထွန်းအောင် ဒုတိယကျောင်းအုပ်ကြီး ရေနံချောင်း ဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ကျောင်းအုပ်ကြီး ရေနံချောင်းဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်း ဆင်းပွဲအခမ်းအနားကို အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၂/၂၀၀၄)ဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ်(၂/၂၀၀၄)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အုပ်ချုပ်ရေးယန္တရား သွက်လက်ထက်မြက်စေရန်အတွက် စံငါးရပ်နှင့် ပြည့်စုံသော အုပ်ချုပ်ရေးသမားကောင်းများကို ဤကျောင်းတော်ကြီးက လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်သို့ ဝင်ရောက်သည့် အခါတွင် သင်တန်းက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ခေတ်မီ သိပ္ပံနည်းကျသော ခေါင်းဆောင်မှု၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုပညာရပ်များကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်၊ ဦးတည်ချက်များဖြစ်သည့် အမျိုးသားရေးမူဝါဒ(၃)ရပ်၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တို့ကိုလည်း ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစွာဖြင့် ပြည်သူလူထု၏ စုပေါင်းအားကိုရယူပြီး အကောင်အထည်ဖော်ကြရန် မှာကြားလိုကြောင်း။

ပူးပေါင်းဖြေရှင်းရမည်

ကိုလိုနီ ဆိုးမွေတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်း လုပ်ငန်းများ၊ တရားမဝင် လူမှောင်ခိုတားဆီးကာကွယ်ရေး လုပ်ငန်းများကို လူမှုရေး အဖွဲ့အစည်း အသီးသီး၏ အင်အားကိုရယူပြီး ပူးပေါင်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အား ပေးအပ်ထားသော လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေရေးအတွက် အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ပညာပေး စည်းရုံးခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က သင်တန်းသား ပထမဆုရရှိသူ ကသအမှတ်(၁၈) ဦးနိုင်လင်းထွန်းနှင့် သင်တန်းသား ဒုတိယဆုရရှိသူ ကသအမှတ်(၈) ဦးကျော်လွင်ဦး တို့အား ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်၍ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း လက်မှတ်များ ပေးအပ်လိုက်သည်။

သင်တန်းကာလ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ်(၂/၂၀၀၄)သို့ သင်တန်းသား ၄၉ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ဖြစ်သည်။
(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)၏ ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က ပြုလုပ်ရာ အလှူရှင် ဦးစိန်ဝင်း-ဒေါ်သိန်းသိန်းစန်းမိသားစုက ဆရာမ ၇၉ဦးနှင့် ဝန်ထမ်းငါးဦးအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် လက်ခံယူစဉ်။ (က-ပ)

အကျဉ်းသားများအားနှိပ်စက်ညှဉ်းပန်းမှုဖြင့် ကန်တပ်ကြပ်ကြီးတစ်ဦးကိုစွဲချက်တင်

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီးတစ်ဦးအား အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် အမေရိကန်စစ်ဘက်က စွဲချက်တင်လိုက်ပြီး အာဖဂန်နစ္စတန်နိုင်ငံတွင် အကျဉ်းသားနှစ်ဦး သေဆုံးခဲ့မှုအတွက် အခြားသော တပ်ဖွဲ့ဝင်များအား စွဲချက်တင်ရန် စုံစမ်းစစ်ဆေးရေးမှူးများက စိစစ်လျက်ရှိနေကြောင်း ကြည်းတပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကြည်းတပ် မှုခင်းစုံစမ်းစစ်ဆေးရေး စစ်ဌာနချုပ်သည် ၂၀၀၂ ခုနှစ်ကတည်းက စစ်ဆေးနေခဲ့သည့် အာဖဂန်အကျဉ်းသားများသေဆုံးခဲ့ရသောအမှုများကို အပြီးသတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းသေဆုံးသူများမှာ ကဘူးမြို့တော်အပြင်ဘက်ရှိ ဘာဂရမ်လေတပ်အခြေစိုက်စခန်းတွင် အရိုက်ခံရသည့် ဒဏ်ရာဖြင့် သေဆုံးခဲ့သူများဖြစ်သည်ဟု ကြည်းတပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

— စွဲချက်တင်ထား —

အမှတ်(၅၁၉) စစ်ထောက်လှမ်းရေးတပ်ရင်းနှင့် အမှတ်(၃၇၇) စစ်ရဲ တပ်ခွဲမှ ဒါဇင်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား စွဲချက်တင်ရန်စုံစမ်းစစ်ဆေးရေးမှူးများက အကြံပြုမည်ဖြစ်ကြောင်း ၎င်းတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ စစ်ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦးကိုလည်း ကြည်းတပ်က စွဲချက်တင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တပ်ဖွဲ့ဝင် ၂၆ ဦးအနေဖြင့် လူသတ်မှုမှသည် တာဝန်ပျက်ကွက်ခဲ့မှုနှင့် ပြစ်မှုဆိုင်ရာသတင်းပို့ရန် ပျက်ကွက်မှုစသည့် စွပ်စွဲချက်များဖြင့် စွဲချက်တင်ခံရတော့မည်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

— ပြဿနာ —

ယင်းကဲ့သို့သော လုပ်ဆောင်မှုများသည် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခဲ့ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တပ်ဖွဲ့ဝင်များကို အမေရိကန်စစ်ဘက်က နောက်ဆုံးအဖြစ် အရေးယူ ဆောင်ရွက်နေကြောင်း ပြသနေခြင်းဖြစ်သည်။

— ထောက်ခံချက်ပေးထား —

အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦးကို အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများအားနှိပ်စက်မှုဖြင့် စွဲချက်တင်ထားသည်။ စစ်ထောက်လှမ်းရေးနှင့် စစ်ရဲတပ်ဖွဲ့ဝင် အချို့ကို စွဲချက်တင်ရန် ကြည်းတပ်မှ စုံစမ်းစစ်ဆေးရေးမှူးများက ထောက်ခံချက်ပေးထားသည်။

အမ်အင်အေ၊ ရိုက်တာ။

လုံခြုံရေးစောင့်ကြပ်

ဘဂ္ဂဒက်မြို့တော်တွင်လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



တရုတ်နှင့် အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်ရေး ဒေသတွင်းချစ်ကြည်မှုနှင့် နားလည်မှုတိုးမြှင့်ပေးနိုင်

ပေကျင်း စက်တင်ဘာ ၁

တရုတ်ပြည်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နိုင်ငံများအတွင်း မီဒီယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်း အပြန်အလှန် ချစ်ကြည်မှုနှင့် နားလည်မှုကိုတိုးမြှင့်ပေးနိုင်ကြောင်း တရုတ်ပြည် ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင်ဖြစ်သူ လီချန်ချွန်းက အင်္ဂါနေ့က ပြောကြားလိုက်သည်။

တရုတ်ပြည်နှင့် အာဆီယံအသင်းဝင်နိုင်ငံများသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး တူညီသည့် ယဉ်ကျေးမှုအစဉ်အလာများရှိခဲ့ကြသည့် နိုင်ငံများဖြစ်ကြောင်းနန်နင်းမြို့တွင် ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယကြိမ်မြောက် တရုတ်–အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်ရေးညီလာခံသို့ တက်ရောက်သော ပုဂ္ဂိုလ်များအား မိန့်ခွန်းပြောကြားရာတွင် လီချန်ချွန်းက ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

စွဲကိုင်

အိမ်နီးချင်းနိုင်ငံများအား ကောင်းမွန်စွာဆက်ဆံရမည့် အခြေခံမှုနှင့် မိတ်ဖက်အိမ်နီးချင်းနိုင်ငံများအား အိမ်နီးချင်းကောင်းအဖြစ် သဘောထားရမည့် မူဝါဒအခြေပြုကာ တရုတ်ပြည်က အာဆီယံနိုင်ငံများနှင့် ချစ်ကြည်သည့် ပူးပေါင်းဆောင်ရွက်ရေး မြေတောင်မြှောက်ပေးရန် အရေးပါသည်ဟု စွဲကိုင်ထားကြောင်း လီချောင်ချွန်းက ပြောကြားသည်။

စိတ်အားထက်သန်

တရုတ်ပြည်အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူငါးချက်နှင့် အာဆီယံချစ်ကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်အား အခြေခံကာ အာဆီယံနိုင်ငံများနှင့် ငြိမ်းချမ်းရေးနှင့် အကျိုးတူကြွယ်ဝချမ်းသာရေးအတွက် မိတ်ဖက်နိုင်ငံအချင်းချင်း မဟာဗျူဟာအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန် စိတ်အားထက်သန်နေကြောင်း လီချန်ချွန်းက ကြေညာသည်။

အရေးပါ

မီဒီယာကဏ္ဍသည် နိုင်ငံအချင်းချင်း အပြန်အလှန် နားလည်မှုရှိစေရန်နှင့် ချစ်ကြည်သည့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေနိုင်ရန်အတွက် အရေးပါကြောင်း၊ မီဒီယာကဏ္ဍသည် တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများအတွင်း မဟာဗျူဟာမြောက်သည့် မိတ်ဖက်ဆက်ဆံမှုဖြစ်စေရန် ပေါင်းကူးဆက်စပ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ချာလာဘီ၏ယာဉ်တန်းကို လက်နက်ကိုင်များတိုက်ခိုက် ကိုယ်ရံတော်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၂

လက်နက်ကိုင်များက အီရတ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဟောင်း အာမက်ချာလာဘီ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းကို ဗုဒ္ဓဟူးနေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ ကိုယ်ရံတော်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ချာလာဘီနှင့် ၎င်း၏ လက်ထောက်များက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း လာတီဖီယာဒေသတွင် ဖြစ်ပွားခဲ့ပြီး ယင်းဒေသအတွင်း လက်နက်ကိုင်များက ပြည်ပနိုင်ငံသားအများအပြားနှင့်အမေရိကန်နှင့်ပူးပေါင်းသည့် အီရတ် တာဝန်ရှိပုဂ္ဂိုလ်များအား ယခင်က ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့် နေရာဖြစ်သည်။

မိမိတို့သည် အယ်လ်စစ္စတာနီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နာဂျက်ဖ်မြို့သို့ ပြန်လာစဉ် လက်နက်ကိုင်များက ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် ယာဉ်တန်းအား တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ဘေးမသီရန်မခ လွတ်မြောက်လာသည့် ချာလာဘီက ပြောကြားသည်။

ယင်းသို့ ချောင်းမြောင်းတိုက်ခိုက်ခံရပြီးနောက် ချာလာဘီသည် ဘဂ္ဂဒက်တွင် ကျင်းပသည့် ပထမအကြိမ် လွှတ်တော်အစည်းအဝေး တက်ရောက်ရန် ခရီးဆက်လက်သွားခဲ့သည်။

ယင်းတိုက်ခိုက်မှုမှာ ချောင်းမြောင်းပစ်ခတ်မှုသာဖြစ်ပြီး ထူးထူးထွေထွေ ပြောစရာမရှိဟု မိမိထင်ကြောင်း၊ ဤအရာများသည် လုပ်ငန်းတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်နက်ကိုင်နှစ်ဦးသည် မော်တော်ယာဉ်တန်းအား မောင်းပြန်သေနတ်ဖြင့် ပစ်ခတ်ပြီး ထွက်ပြေးလွတ်မြောက်သွားကြောင်း လက်ထောက်တစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အာမက်ချာလာဘီအား ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဟုတ်၊ မဟုတ် လေ့လာ စုံစမ်းနေပြီး ယင်းသို့ပစ်မှတ်ထား တိုက်ခိုက်ဖွယ်ရှိကြောင်း လက်ထောက်မူဆာဝီက ထပ်လောင်းပြောကြားသည်။

ချာလာဘီသည် အမေရိကန်စစ်ဌာနချုပ်၏ အပေါင်းပါဖြစ်ခဲ့သော်လည်း ယခုအခါ အမေရိကန်တာဝန်ရှိသူများနှင့်ဆက်ဆံရေးပျက်ပြား နေပြီဖြစ်သည်။ ၎င်းသည် ပြည်ပြေးဘဝဖြင့် ဆယ်စုနှစ်များစွာ နေထိုင်ခဲ့စဉ်အတွင်း လုပ်ကြံမှုများမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့သူ ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ပျက်စီး

ဘဂ္ဂဒက်မြို့တော် ကာရာဒါခရိုင်တွင် လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဆာမေဒိုတပ်ဖွဲ့ဝင် ၁၅၅ ဦး ဌာနေပြန်ရောက်

မက္ကစီကိုစီးတီး စက်တင်ဘာ ၁

အီရတ်နိုင်ငံသို့ ဒုတိယအကြိမ် စေလွှတ်ထားသည့် အယ်လ်ဆာဗေဒိုနိုင်ငံမှ တပ်ဖွဲ့ဝင်၃၇၄ဦးအနက် တပ်ဖွဲ့ဝင် ၁၅၅ ဦးသည် အီရတ်နိုင်ငံတွင် ခြောက်လကြာတာဝန်ထမ်းဆောင်ပြီးစီးခဲ့ပြီးနောက် ဌာနေနိုင်ငံသို့ အင်္ဂါနေ့က ပြန်ရောက်လာကြောင်း မြို့တော် ဆန်ဆာဗေဒိုသို့ ရောက်ရှိလာသည့် သတင်းများအရ သိရသည်။

အဆိုပါ တပ်ဖွဲ့ဝင် ၁၅၅ ဦးသည် အမေရိကန်ပြည်ထောင်စုမှ စင်းလုံးငှားလေယာဉ်ဖြင့် ဆန်ဆာဗေဒိုမြို့တော်မှ ကီလိုမီတာ ၂၀ ခန့်ဝေးကွာသည့် ဟိုပန်ဂိုစစ်အခြေစိုက်စခန်းသို့ ရောက်ရှိလာကြသည်။ ၎င်းတို့သည် ကူဝိတ်နိုင်ငံမှ ထွက်ခွာလာကြခြင်းဖြစ်ပြီး အိုက်စလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဂွာတီမာလာနိုင်ငံများသို့ ဝင်ရောက်ရပ်နားခဲ့ကြသည်ဟု ကာကွယ်ရေးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ကျန်ရှိနေသည့် အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင် ၂၁၉ ဦးသည် ကြာသပတေးနေ့တွင် ဌာနေသို့ ပြန်လာရန် စီစဉ်ထားကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆာဒါစီးတီးမှ ကန်တပ်ဖွဲ့များရုပ်သိမ်းရန် တိုက်ခိုက်ရေးသမားများ တောင်းဆို တိုက်ခိုက်မှုများအဆုံးသတ်ရန် စေ့စပ်ဆွေးနွေးပွဲများတွင် သဘောတူညီမှုမရ

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်ဖြစ်သည့် ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်တိုက်ခိုက်ရေးသမားများအကြား တိုက်ခိုက်နေမှုအဆုံးသတ်ရန် ဦးတည်သော ဆွေးနွေးပွဲများမှာ ဆိုင်းငံ့သွားကြောင်း၊ ဆာဒါစီးတီးဒေသမှနေ၍ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရန် တိုက်ခိုက်ရေးသမားများ၏ တောင်းဆိုချက်များကို အစိုးရက လက်ခံခြင်းမရှိကြောင်း စေ့စပ်ဆွေးနွေးရေးမှူးများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရတ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ဆာဒါစီးတီးဒေသအတွင်းသို့ အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်ခြင်း မပြုရန် တားမြစ်ပိတ်ပင်သော အချက်ခြောက်ချက်ပါ အဆိုပြုချက်တစ်ရပ်နှင့် ပတ်သက်၍ အစိုးရနှင့် ခုခံတိုက်ခိုက်ရေးသမားများ တနင်္လာနေ့တွင် ယာယီသဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်ဟု ရှီးယိုက် ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သို့ရာတွင် အစိုးရ စေ့စပ်ဆွေးနွေးရေးမှူးများသည် ယင်းသဘောတူညီချက်ကို လက်ခံတော့မည်မဟုတ်ဟု အင်္ဂါနေ့တွင် ပြောကြားခဲ့ကြသည်။ ယင်းကဲ့သို့သော သဘောတူညီချက်ရရှိမည်ဆိုပါက ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ အခြားသောဒေသများ သို့မဟုတ် အီရတ်မြို့ကြီးများက ၎င်းတို့၏ ဒေသများအတွင်း အမေရိကန်တပ်ဖွဲ့များ၏ လှုပ်ရှားသွားလာမှုများကို ကန့်သတ်ပိတ်ပင်ရန် အလားတူ တောင်းဆိုလာကြလိမ့်မည်ဖြစ်ကြောင်း အစိုးရ စေ့စပ်ဆွေးနွေးရေးမှူးများက ပြောကြားကြသည်။ ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်သော သဘောတူညီချက်ကို မိမိတို့လက်ခံခြင်းမရှိကြောင်း အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးဖြစ်သူ ကာဆင်ဒါဝတ်က ပြောကြားသည်။

မိမိတို့သည် မည်သည့် လက်နက်ကိုင် အုပ်စုနှင့်မျှ စေ့စပ်ဆွေးနွေးလိုခြင်းမရှိကြောင်း ဒါဝတ်က ပြောကြားသည်။ အီရတ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အမေရိကန်စစ်အရာရှိများနှင့် အယ်လ်ဆာဒါ၏ ကိုယ်စားလှယ်များသည် မြို့တော်ဘဂ္ဂဒက်ရှိ ရဲစခန်းတစ်ခုတွင် တနင်္ဂနွေနေ့က စေ့စပ်ဆွေးနွေးခဲ့ကြသည်ဟု သတင်းများတွင် ဖော်ပြသည်။ သို့ရာတွင် နောက်ပိုင်း၌ ဆက်လက်ကျင်းပသည့် ဆွေးနွေးပွဲများသို့ အမေရိကန်စစ်အရာရှိများ ဆက်လက်တက်ရောက်ပုံမရကြောင်း သတင်းထောက်များက ပြောကြားသည်။

မိမိသိရှိရသလောက် ပြောရမည်ဆိုလျှင် ယင်းဆွေးနွေးပွဲများ၌ အမေရိကန်တပ်မှူးများ တက်ရောက်ခြင်းမရှိကြောင်း၊ မည်သည့်သဘောတူညီမှုကိုမျှ မရရှိခဲ့ကြောင်း ဘဂ္ဂဒက်အခြေစိုက် အမေရိကန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဖီးလ်စမစ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် လက်နက်ကိုင်အုပ်စုများအားလုံးကို ချေမှုန်းသွားမည်ဟု အီရတ် ဝန်ကြီးချုပ် အာလာဝီက ထပ်တလဲလဲ ပြောကြားခဲ့ပြီး အယ်လ်ဆာဒါ၏ လက်နက်ကိုင်အုပ်စု ဖျက်သိမ်းကာ နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်ရန် တောင်းဆိုခဲ့သည်။

အင်တာနက်။

ဆန့်ကျင်ဆန္ဒပြ

အမေရိကန် ပြည်ထောင်စုတွင် ရီပတ်ဘလီကန်ပါတီညီလာခံကို ဆန့်ကျင်သည့် နယူးယောက်မြို့မှ တစ်ကိုယ်တော် ဆန္ဒပြသမားတစ်ဦးကို ဩဂုတ် ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယဓားစာခံသုံးဦး ကူဝိတ်သို့ပြန်လည်ရောက်ရှိ

ကူဝိတ် စက်တင်ဘာ ၂

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ၄၂ရက်ကြာ ဓားစာခံအဖြစ်ဖမ်းဆီးထားသည့် အိန္ဒိယနိုင်ငံသား ဓားစာခံသုံးဦးသည် လွတ်မြောက်လာခဲ့ပြီး ကူဝိတ်နိုင်ငံသို့ ဗုဒ္ဓဟူးနေ့ညက ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံထားရသော နီပေါနိုင်ငံသား ၁၂ဦးအား ကွပ်မျက်ခံခဲ့ပြီးနောက် ၎င်းတို့၏ လွတ်မြောက်ရေးနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်နေစဉ် ၎င်းတို့လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဓားစာခံသုံးဦးဖြစ်သည့် အန်တာယာမီ၊ တီလက်ရော့ဂျ်နှင့် ဆူခါဒီယိုတို့သည် ကူဝိတ်နိုင်ငံတကာလေဆိပ်သို့ လေယာဉ်ဖြင့်ရောက်ရှိလာရာ အိန္ဒိယသံအမတ်ကြီး ဆွက်ပါဝမ်ဆင်က တွေ့ဆုံနှုတ်ဆက်သည်။ ၎င်းတို့သည် ကူဝိတ်မှတစ်ဆင့် ဌာနေအိန္ဒိယနိုင်ငံသို့ ကြာသပတေးနေ့တွင် လေကြောင်းဖြင့် ပြန်ကြမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသားသုံးဦးနှင့်အတူ အခြားလွတ်မြောက်လာသည့် ဓားစာခံများဖြစ်သည့် ကင်ညာနိုင်ငံသားသုံးဦးနှင့် အီဂျစ်နိုင်ငံသား တစ်ဦးတို့အား ၎င်းတို့၏ အလုပ်ရှင် ကူဝိတ်နှင့် ပင်လယ်ကွေ့ဆက်သွယ်ရေး ပို့ဆောင်ရေးကုမ္ပဏီ(ကေဂျီအယ်လ်)မှ အမှုဆောင်လူကြီးနှင့် ဝန်ထမ်းများက ပန်းစည်းများပေးကာ ပွေ့ဖက်နှုတ်ဆက်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံသားသုံးဦးနှင့် အခြားနိုင်ငံသား ဓားစာခံများသည် အီရတ်နိုင်ငံအတွင်းသို့ ကုန်တင်ထရပ်ကားမောင်းနှင်ဝင်ရောက်စဉ် အစ္စလမ္မစ် ခုခံရေးအုပ်စုတစ်စုက ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ပြန်ပေးသမားများအား ၎င်းတို့ တောင်းဆိုခဲ့သည့်ငွေ ဒေါ်လာငါးသိန်းကျော်ကို ကေဂျီအယ်လ်ကပေးခဲ့ရကြောင်း၊ အီရတ်နိုင်ငံတွင် ၎င်းတို့၏လုပ်ငန်းများ ရပ်ဆိုင်းခြင်းမရှိကြောင်း ပြောကြားသည်။ ဓားစာခံများ လွတ်မြောက်လာပြီဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး နတ်ဝါဆင်းက သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် နေရာယူနေသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှီးယိုက်ခေါင်းဆောင်ဆာဒါ၏ အထက်တန်းလက်ထောက်လုပ်ကြံခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁

ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ အထက်တန်းလက်ထောက်တစ်ဦးသည် နာဂျက်ဖ်မြို့နှင့် ဘဂ္ဂဒက်မြို့အကြား လမ်းပေါ်တွင် ကားဖြင့်သွားလာနေစဉ် လုပ်ကြံခံခဲ့ရကြောင်း ဆာဒါ၏အဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။ ဆာယာဒ်ဘရီယားအယ်လ်ဂျာဇာရီသည် ပြီးခဲ့သောအင်္ဂါနေ့က နာဂျက်ဖ်မြို့မှ ကားဖြင့်ပြန်လာစဉ် လုပ်ကြံခံရခြင်းဖြစ်သည်။ နာဂျက်ဖ်မြို့သည် မကြာသေးမီအချိန်အထိ အမေရိကန်တပ်ဖွဲ့များနှင့် ဆာဒါ၏ လက်နက်ကိုင်ခုခံရေးသမားများအကြား အပြင်းအထန်တိုက်ပွဲဖြစ်ပွားရာ နယ်မြေဖြစ်ခဲ့သည်။

လုပ်ကြံခံလိုက်ရသူ ဂျာဇာရီသည် မြို့တော်ဘဂ္ဂဒက်အနီးရှိ ဆာဒါ၏ ဒေသဆိုင်ရာရုံးတစ်ရုံးကို ဦးစီးနေသူဖြစ်သည်။

အပြစ်တင်

ယခုလုပ်ကြံမှုကို ကျူးလွန်ကြသူများမှာ အစွန်းရောက် ဆွန်နီအဖွဲ့အစည်းများ ဖြစ်နိုင်သည်။သို့မဟုတ်လျှင်လည်း နိုင်ငံ့ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ ဘက်တော်သားများထဲမှလည်း ဖြစ်နိုင်ကြောင်း အယ်လ်ကာဘီက ပြောကြားသည်။ ထို့အပြင် အီရတ် ကြားဖြတ်အစိုးရအနေဖြင့် လုံခြုံအေးချမ်းအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိဟုလည်း အယ်လ်ကာဘီက အစိုးရအဖွဲ့ကို အပြစ်တင်လိုက်သည်။

အီရတ် ကြားဖြတ်အစိုးရအဖွဲ့မှ ခေါင်းဆောင်ပိုင်း အတော်များများမှာ အဆိုပါနေရာတစ်ဝိုက်တွင် အတိုက်အခိုက်ခံခဲ့ကြရသည်။ သို့ပါလျက်နှင့် အစိုးရအဖွဲ့သည် အဘယ်ကြောင့် တစ်စုံတစ်ရာ အရေးမယူဘဲနေရသနည်းဟု အယ်လ်ကာဘီက မေးခွန်းထုတ်လိုက်သည်။

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့ကလည်း အီရတ် အမျိုးသားကွန်ဂရက်မှ ခေါင်းဆောင် အာမက်ချာလာဘီသည် အဆိုပါလမ်းမပေါ်၌ပင် ချုံခိုတိုက်ခိုက်ခံရသော်လည်း အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။

ကြုံတွေ့ခဲ့ရ

ချာလာဘီသည် ကြားဖြတ်အစိုးရအဖွဲ့၏ ပါလီမန်ဖွင့်ပွဲတွင် ကျမ်းသစ္စာကျိန်ဆိုရန်အသွားတွင် လုပ်ကြံမှုနှင့် ကြုံခဲ့ရခြင်းဖြစ်ကြောင်း ချာလာဘီက သတင်းထောက်များကို ပြောကြားသည်။

အင်တာနက်။

အာဆီယံအထက်တန်းတာဝန်ရှိပုဂ္ဂိုလ်များ စည်းဝေး

ဂျကာတာ စက်တင်ဘာ ၁

သောကြာနေ့မှ တနင်္ဂနွေနေ့အထိ ကျင်းပရန်စီစဉ်ထားသည့် အဖွဲ့ဝင် ၁၀နိုင်ငံပါ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ (၃၆)ကြိမ်မြောက်စီးပွားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ အာဆီယံ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်များ၏ အစည်းအဝေးကို အင်္ဂါနေ့က ဂျကာတာတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံအဖွဲ့ ပူးပေါင်းဆောင်ရွက်ရေး ဦးစားပေးအစီအစဉ်၊ အငြင်းပွားမှု ဖြေရှင်းရေး၊ ယန္တရားထူထောင်ရေးနှင့် မိတ်ဖက်ကုန်သွယ်နိုင်ငံအချင်းချင်း ညှိနှိုင်းဆွေးနွေးရေးနှင့် စပ်လျဉ်းသည့် ဒေသဆိုင်ရာစီးပွားရေးပြဿနာအရပ်ရပ်ကို ညှိနှိုင်းဆွေးနွေးကြသည်ဟု အင်ဒိုနီးရှားတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပရေးအတွက် ပြင်ဆင်ရေးကိစ္စကို အဓိကထား၍ ဆွေးနွေးကြကြောင်း အင်ဒိုနီးရှား ပြည်ပကုန်သွယ်ရေးနှင့်စက်မှုဌာန ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပို့စ်ဟူတာဘရတ်အား ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

အာဆီယံ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်များ အစည်းအဝေးသို့ အဖွဲ့ဝင် ၁၀နိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ် ၁၃၀ တက်ရောက်ကြကြောင်း ၎င်းက ပြောကြားသည်။ ယင်းအစည်းအဝေးသို့ သတင်းထောက်များ လာရောက်သတင်းယူမှုကို တားမြစ်ထားပြီး အစည်းအဝေး ကျင်းပအပြီးတွင်လည်း သတင်းကြေညာချက် ထုတ်ပြန်မည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ (၁၈)ကြိမ်မြောက် အာဆီယံ လွတ်လပ် စွာကုန်သွယ်ရေးဒေသ ထူထောင်ရေး ညီလာခံကို စက်တင်ဘာ ၃ ရက်မှ ၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

(၃၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ ညီလာခံသို့ အာဆီယံ ၏ ကုန်သွယ်ဖက် နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂတို့ တက်ရောက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် သင်တန်းပေးလေ့ကျင့်နေသည့် ရှီးယိုက်တိုက်ခိုက်ရေး သမားများကို ဩဂုတ် ၃၁ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသား ရိုက်နှက်ခံရမှုကြောင့် သေဆုံးခဲ့ရဟု သက်သေထွက်ဆို

ပင်ဒယ်လ်တန်တပ်စခန်း (ကယ်လီဖိုးနီးယား) စက်တင်ဘာ ၁

အီရတ်ရှိမရိန်းတပ်ဖွဲ့အကျဉ်းစခန်းတွင် အသစ်ရောက်လာသော အကျဉ်းသားများကို အစောင့်များက ချောက်ချားသွားစေရန် ရိုက်နှက်ကြသည်ကို မိမိမြင်တွေ့ခဲ့ရကြောင်း ရေတပ်ဆေးဘက်ဆိုင်ရာတပ်ဖွဲ့ဝင် တစ်ဦးက စစ်ခုံရုံး၌ ဩဂုတ် ၃၁ ရက်နေ့တွင် အစစ်ခံထွက်ဆိုသည်။

အစစ်ခံထွက်ဆိုသူမှာ ရေတပ်တပ်ကြပ်ကြီး ကာလ်တန်ဘလေး ဖြစ်သည်။ တရားခံ တပ်ကြပ်ကြီး ဂယ်ရီပစ်မင်နှင့် အခြားမရိန်းတပ်ဖွဲ့ဝင်များသည် အသစ်ရောက်လာသူ အကျဉ်းသား ၁၅ ဦးခန့်ကို ရိုက်နှက်ထိုးကြိတ်ကြသည်ကို တွေ့ရသည်။ အကျဉ်းသားများက ပြန်လည်ခုခံခြင်းမပြုကြ။ ထိုးကြိတ်သည့်လက်သံမှာ ပြင်းလွန်းလှ၍ အကျဉ်းသားများမှာ ညည်းညူကာ ဒယိမ်းဒယိုင် ဖြစ်သွားသည်ကို တွေ့မြင်ရကြောင်း ဘလေးက ထွက်ဆိုသွားသည်။

ကြိုးကိုင်

ထိုသို့အင်အားသုံး နှိပ်စက်ခြင်းမှာ အကျဉ်းသားများ ကြောက်လန့်သွားစေရန်နှင့် အကျဉ်းစခန်း၌ မည်သူတို့က ကြိုးကိုင်နေသည်ကို ပြသရန်အတွက်ဖြစ်သည်ဟု ဘလေးကရှင်းပြသည်။

တရားခံပစ်မင်မှာ အရပ်သားဘဝတွင် နယူးယောက် အကျဉ်းထောင်၌ အစောင့်တစ်ဦးအဖြစ် တာဝန်ထမ်းခဲ့သည်။ ၎င်းကို အီရတ်အကျဉ်းသားတစ်ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ စစ်ခုံရုံးတင် စစ်ဆေးနေခြင်း ဖြစ်၏။

ထွက်ဆို

ပြီးခဲ့သော သီတင်းပတ်က အမှုစစ်ဆေးစဉ်တွင် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက သေဆုံးသွားသူ ၅၂ နှစ်အရွယ်ရှိအကျဉ်းသား နာဂမ်ဟာတပ်ကိုထိုးကြိတ်ရိုက်နှက်သည်ကို တွေ့ခဲ့ရကြောင်း ဘလေးက ထွက်ဆိုသွားသည်။ ထိုအကျဉ်းသား သေဆုံးနေသည်ကို ၂၀၀၃ ခုနှစ် ဇွန်လအတွင်းက တွေ့ခဲ့ရသည်။

ရှင်းလင်း

ဘလေးသည် ပြစ်မှုမှ သက်သာကင်းလွတ်ခွင့်ရရှိရန် ပြည်ထောင်စု ဖယ်ဒရယ် ရာဇဝတ် တရားရုံးသို့ လျှောက်ထားခဲ့သည်။ သို့ရာတွင် ထိုလျှောက်ထားမှု ခွင့်ပြုသည် မပြုသည်ကိုမူ ရှင်းလင်းစွာ မသိရဟုဆိုသည်။

တရားခံပစ်မင်သည် အကျဉ်းသားဟာတမ်သေဆုံးခြင်းမရှိမီ အကျဉ်းသား၏ ရင်ဘတ်ကို ကရာတေးကန်နည်းဖြင့် ကန်ခဲ့သည်ဆိုသော စွဲချက်နှင့်ပတ်သက်၍ ဩဂုတ် ၃၁ ရက်က စတင် စစ်ဆေးခဲ့သည်။

အင်တာနက်။

ဘဂ္ဂဒက်အစိမ်းရောင်ဇုန်နယ်မြေတွင် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ လုံခြုံရေး အထူးတင်းကျပ်ထားသော အစိမ်းရောင်ဇုန်နယ်မြေတွင် ကြားဖြတ်ပါလီမန်က ပထမဆုံးအကြိမ် ခေါ်ယူသည့် သမိုင်းဝင်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနား ကျင်းပနေစဉ်မှာပင် ဗုဒ္ဓဟူးနေ့က စိန်ပြောင်းကျည်များ အနီးအပါးသို့ ကျရောက်ပေါက်ကွဲခဲ့ရာ စစ်ဆေးရေးဂိတ် တစ်ဂိတ်တွင် စောင့်ကြပ်နေသည့် လုံခြုံရေးအစောင့်တစ်ဦး ဒဏ်ရာရရှိသည်။

လွတ်မြောက်

ထင်ပေါ်ကျော်စောသော အီရတ်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ အာမက် ချာလာဘီသည် ပါလီမန်အစည်းအဝေး တက်ရောက်ရန် မော်တော်ယာဉ်တန်းဖြင့် သွားရောက်နေစဉ် ၎င်းအား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်သည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ သို့ရာတွင် ချာလာဘီမှာ ထိခိုက်မှုမရှိဘဲ အသက်ဘေးမှ လွတ်မြောက်သွားသည်။ ယင်းဖြစ်စဉ်တွင် ချာလာဘီ၏ ကိုယ်ရံတော်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

လေ့လာစောင့်ကြည့်

အထက်ဖော်ပြပါ တိုက်ခိုက်မှုများ ရှိခဲ့သော်လည်း ပါလီမန်အမတ်များက ၎င်းတို့၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြသည်။ ကြားဖြတ်ပါလီမန်သည် လာမည့်ဇန်နဝါရီလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးချိန်အထိ ဝန်ကြီးချုပ် အီယက်အာလာဝီ၏ ဝန်ကြီးအဖွဲ့ကို လေ့လာစောင့်ကြည့်သော အကြံဉာဏ်ပေးမှု ပြုလုပ်မည်ဖြစ်သည်။

အရေးပါ

အီရတ်နိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းများနှင့် အညီအညွတ် ဖြစ်သော ပါလီမန်လုပ်ငန်းစဉ်များ စတင်ရန် အရေးပါသော အဆင့်တစ်ရပ်သို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ဒုတိယ သမ္မတ ရောဂျ်နူရီရှာဝစ်က ပါလီမန်သစ် ဖွင့်လှစ်သော မိန့်ခွန်းတစ်ရပ် မြွက်ကြားရာတွင် ဖော်ပြသည်။

ငြိမ်းချမ်းစွာဖြေရှင်း

အီရတ်နိုင်ငံရှိ နိုင်ငံရေးအုပ်စုများနှင့် နိုင်ငံရေးပါတီများ အားလုံးသည် တရားဥပဒေ၏ မူဘောင်အတွင်းမှနေ၍ အီရတ်နိုင်ငံ ရင်ဆိုင်နေရသော ပြဿနာရပ်များကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် လုပ်ငန်းများ လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများသည် နိုင်ငံရေးလုပ်ငန်းစဉ်ကို ရပ်တန့်စေလိမ့်မည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ပျက်ပြားသွား

အီရတ်နိုင်ငံ၏ ကြားဖြတ် ပါလီမန်တွင် ရွေးချယ်တင်မြှောက်ခံအမတ် ၈၁ ဦးနှင့် ယခုအခါ ပျက်ပြားသွားပြီဖြစ်သော အမေရိကန် ခန့်အပ်သည့် အုပ်ချုပ်ရေးကောင်စီမှ အဖွဲ့ဝင်ဟောင်း ၁၉ ဦးပါဝင်သည်။ သို့ရာတွင် အီရတ်နိုင်ငံရေးလောကမှ ထင်ပေါ်ကျော်ကြားသူ ပုဂ္ဂိုလ်အချို့နှင့်အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ဟောင်းများ ပါဝင်ခြင်းမရှိပေ။

အင်တာနက်။

နယူးယောက်မြို့တွင်ဘုရှ်အစိုးရ၏ မူဝါဒများကို ဆန့်ကျင်သည့် ဆန္ဒပြသမားများကို ဩဂုတ် ၃၁ ရက်တွင် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့ကို အမေရိကန်က လေကြောင်းမှ တိုက်ခိုက် ကလေးငယ် သုံးဦးအပါအဝင် အရပ်သားကိုးဦး သေဆုံး

ဖော်လူဂျာ(အီရတ်) စက်တင်ဘာ ၂

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ကို အမေရိကန်စစ်ဘက်က ကြာသပတေးနေ့စောစောပိုင်းတွင် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကလေးငယ် သုံးဦးအပါအဝင် အရပ်သား ကိုးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ညသန်းခေါင်ယံကျော်တွင် ဖြစ်ပွားသည့် ယင်းတိုက်ခိုက်မှုတွင် ဖော်လူဂျာမြို့တောင်ဘက် အယ်လ်ဂျူဘိုင်အရပ်မှ လူနေအိမ်ခြေတစ်လုံး ထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆုံးသတ်

ဆွန်နီခုခံတိုက်ခိုက်ရေးသမားများကို မောင်းထုတ်ရေးအတွက် ဧပြီလအတွင်းက ဖော်လူဂျာမြို့ကို ရက်သတ္တသုံးပတ်ကြာ ဝိုင်းပတ်ပိတ်ဆို့မှုကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက အဆုံးသတ်ခဲ့ချိန်နောက်ပိုင်း အမေရိကန်က လေကြောင်းမှနေ၍ ထပ်ကာတလဲလဲတိုက်ခိုက်ခဲ့သည်။

အခြေအနေဆိုးရွား

ဒဏ်ရာရသူ ခြောက်ဦးအနက် အချို့လူများမှာ အခြေအနေဆိုးရွားကြောင်း ဖော်လူဂျာဆေးရုံမှ ဆရာဝန် အာမက်ဟာမစ်က ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်ဆိုင်ရာတို့က ချက်ချင်းဝေဖန်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ဖော်လူဂျာမြို့မှ ခုခံတိုက်ခိုက်ရေးသမားများ၏ ခြေကုပ်စခန်းများကို အမေရိကန် တပ်ဖွဲ့ဝင်များက မကြာခဏဆိုသလို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ ဖော်လူဂျာမြို့သည် ဘဂ္ဂဒက်အနောက်ဘက် မိုင်၄၀ခန့်အကွာတွင် တည်ရှိသည်။

အင်တာနက်။

အီရတ်၌ ဒဏ်ရာရသူ ကန်တပ်ဖွဲ့ဝင် ၇၀၀၀ နီးပါးရှိပြီ

ဝါရှင်တန် စက်တင်ဘာ ၁

၂၀၀၃ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ချိန်နောက်ပိုင်း အီရတ်၌ ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၀၀၀ နီးပါး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဌာနချုပ်ပင်တဂွန်က အင်္ဂါနေ့တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၇၅ ဦး ရှိပြီဖြစ်သည်။ ထို့အပြင် အမေရိကန်ကာကွယ်ရေးဌာနမှ အရပ်သားသုံးဦးလည်း သေဆုံးခဲ့သည်။

အီရတ် ခုခံတိုက်ခိုက်မှုများ အရှိန်အဟုန်တိုးမြှင့်လာသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရရှိမှု အလျင်အမြန် တိုးပွားလာသည့် မေလလယ်နောက်ပိုင်းဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ နှစ်ဆနီးပါးတိုးလာခဲ့သည်။ ***အင်တာနက်။***

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၉၇၆ဦးရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ခုနှစ် စက်တင်ဘာ ၂ရက် ကြာသပတေးနေ့အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၇၆ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၃၀မှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၄၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၃၈ဦးဖြစ်ပြီး ယင်းအနက် ၆၂၁ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင့် စက်ဘက်ဆိုင်ရာက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"မြကန်သာ တောင်ကျချောင်းတေး ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ ငှက်မျိုးစုံသည်၊ ဘုံဝတီက နန္ဒာလော၊ တူစွဟုတ္တာ။ ။"

(အမည်မသိ ပုဂံရှေးစာဆို)

အထက်ဖော်ပြပါ ကဗျာလေးသည် ပုဂံခေတ် ကျစွာမင်း ၁၂၃၅–၁၂၄၉ တုရင်တောင်ခြေရှိ မြကန်ကို တူးဖော်ခဲ့ရာ ပုဂံအမည်မသိ စာဆိုတစ်ဦး၏ ပုဂံလေသံ၊ ပုဂံကာရံများဖြင့် ဖွဲ့ဆိုခဲ့သည့် မြန်မာတို့၏ အဦးအစ ကဗျာပင်ဖြစ်ပါသည်။ ကျစွာမင်းကြီးသည် ပိဋကတ်သုံးပုံကို ကိုးခေါက် အာဂုံဆောင်နိုင်ခဲ့သည်။

မြန်မာတို့၏ သမိုင်းဦးမှာ တကောင်းပထမ ပျူမြန်မာခေတ်ဦး(ဘီစီ ၆ ရာစုခန့်)၊ ဒုတိယတကောင်း ပျူမြန်မာခေတ်(ဘီစီ ၆ ရာစုခန့်)၊ ဗိဿနိုး ပျူမြန်မာခေတ်(အေဒီ ၁ ရာစုခန့်)၊ ဟန်လင်း ပျူမြန်မာခေတ်(အေဒီ ၄ ရာစု–၉ ရာစု)၊ သရေခေတ္တရာ ပျူမြန်မာခေတ် (အေဒီ ၄ ရာစု–၁၀ ရာစု)၊ ခေတ်ပြိုင် (အေဒီ ၈၄၉)တွင် ပျူမြန်မာခေတ် ပုဂံမြို့တည်၊ မြန်မာပုဂံခေတ် အနော်ရထာ (အေဒီ ၁၀၄၄–၁၂၉၈)၊ ပင်းယခေတ်(အေဒီ ၁၂၉၉–၁၃၆၃)၊ အင်းဝခေတ် (အေဒီ ၁၃၆၄–၁၅၂၆)၊ တောင်ငူခေတ် (အေဒီ ၁၅၂၇–၁၅၉၆)၊ ညောင်ရမ်းခေတ် (အေဒီ ၁၅၉၇–၁၇၅၁)၊ ကုန်းဘောင်ခေတ်(အေဒီ ၁၇၅၂–၁၈၈၅) ထိုသမိုင်းခေတ်များတွင် မြန်မာတို့၏ ဘာသာသာသနာ ယဉ်ကျေးမှုနှင့် အနုပညာစာပေများ ထွန်းလင်းတောက်ပခဲ့ပါသည်။

အေဒီ ၁၈၈၆မှစ၍ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရာတွင် မြန်မာစာပေသည်လည်း ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများ ခံခဲ့ရသည်။ မြန်မာတို့ စာမတတ်၊ အသိပညာ ဖွံ့ဖြိုးမှုနည်း၍ ဆင်းရဲတွင်းနက်ခဲ့ရပြီး ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ ငှက်ဖျားရောဂါစသော ကပ်ရောဂါကြီးများ၏ ဖိစီးမှုကိုခံစားခဲ့ကြရသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားရာတွင်–

"ကိုလိုနီလက်အောက် မြန်မာ့ရေးရာကို လေ့လာသုံးသပ်လျှင် ဖိနှိပ်မှု၊ သွေးစုပ်မှု၊ သွေးခွဲအုပ်ချုပ်မှုများ ခံစားခဲ့ရသည့် ကာလဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေများကို လွတ်လပ်ရေးရပြီးကာလတွင် စတင်ခံစားရကြောင်း။

"နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည့် ပြည်သူများသည် သူ့ကျွန်ဘဝက လွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာအာဏာ ပြန်လည်ရရှိရေး၊ ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေး မျှော်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ အားထုတ်ခဲ့မှုကြောင့် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့ကြောင်း။" မိန့်ကြားခဲ့ပါသည်။

နယ်ချဲ့၏ သွေးထိုးလှုံ့ဆော်မှု ပယောဂများကြောင့် လွတ်လပ်ရေးရပြီး ၁၉၄၈ မှ ၁၉၆၃ အထိ ပြည်တွင်းသောင်းကျန်းမှု စစ်မီးလောင်မြိုက်မှုကို ခံခဲ့ရသဖြင့် မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေး လှုပ်ရှားမှု မှေးမှိန်ခဲ့ရသည်။

"မြင်လျက် ကန်းရ၊ သည်ဘဝတွေ ပျောက်ကြပါစေ၊ ကင်းကြစေဟု စာပေအသိ၊ ဉာဏ်မျက်စိတွေ ကြည့်မြင်နိုင်စေ၊ လင်းကြစေဟု ရွှေခယ်တို့မြေ၊ လုပ်အားခြွေမည် နွေ၏အလှ၊ ဝ–ထ–က–လ–သ။ ။"

မောင်နွယ်ဘွား၏ ကဗျာဖြစ်ပါသည်။ နွေ၏အလှ နွေကာလ၌ မြန်မာတို့ လှုပ်ရှားဆောင်ရွက်ခဲ့သော ပညာဒါနကို ဖွင့်ဟလှစ်ကျူးသော ကဗျာလေးသည် "အ"သုံးလုံး လွမ်းတေးတစ်ပုဒ်ပင် ဖြစ်ပါသည်။

ကမ္ဘာမှာ မြန်မာဟေ့ဟု အသုံးလုံးနှင့်ပတ်သက်၍ မြန်မာ့အရည်အသွေးကို ဖော်ပြနိုင်ခဲ့ပါသည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ် ကာလအတွင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး လူထုလုပ်ရှားမှု (အသုံးလုံးကျေစီမံကိန်း၊ မူလတန်းပညာ မသင်မနေရစီမံချက်များ)ဖြင့် ဆောင်ရွက်ခဲ့ရာ စာမတတ်သူ ၅၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ စာတတ်မြောက်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာနိုင်ငံ အသုံးလုံးကျေ (3Rs)စာတတ်မြောက်ရေး လှုပ်ရှားမှုကို ဆရာ၊ ဆရာမ၊ တက္ကသိုလ်၊ ကောလိပ်မှ ကျောင်းသူ၊ ကျောင်းသားများ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့တို့က အမှောင်တိုက်သွင်းထား၊ ပိတ်ပင်ထားခဲ့သော မြန်မာတို့၏ မျက်စိများ ပြန်လည်ပွင့်လန်းကာ ပညာအလင်းရောင် ဆောင်နိုင်ခဲ့ပေသည်။ ထို့ကြောင့်ပင် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပလာဗီ စာတတ်မြောက်ရေးဆုကို မြန်မာနိုင်ငံအား ချီးမြှင့်ခဲ့သည်။ အလားတူပင် ၁၉၈၃ ခုနှစ်တွင် ကုလသမဂ္ဂယူနက်စကို အဖွဲ့ကြီးက ချီးမြှင့်သော နိုမာ(Nomar Prize)ဆုကို ရရှိခဲ့ပြန်သည်။

ကမ္ဘာ့စာမတတ်သူ ပပျောက်ရေးနေ့ကြီးအတွက် တစ်မျိုးသားလုံး စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် တက္ကသိုလ်ကျောင်း၊ ဆရာအတတ်သင်ကျောင်း၊ သိပ္ပံနှင့် ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် စေတနာရှင်ပေါင်း ငါးသိန်းခန့်ပင် ပါဝင်ခဲ့ကြသဖြင့် စာတတ်မြောက်သူဦးရေ ၂ ဒသမ ၄ သန်းခန့်အထိ တိုးတက်မြင့်မားလာခဲ့သည်။ မြို့နယ်ပေါင်း ၃၁၈ ခု အတွင်း ၂၉၇ မြို့နယ်ကို မြို့နယ်လုံးကျွတ်စာတတ်မြောက်ကြောင်း မင်္ဂလာရှိစွာ ကြေညာနိုင်ခဲ့သည်။ မြန်မာတို့သည် အမျိုးသားရေးအားမာန်အပြည့်ဖြင့် ပညာရေးအတွက် ခေတ်အဆက်ဆက် ကြိုးစားလှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။

မှတ်မိနေသေးသည်။ ၁၉၆၆ ခုနှစ် ကျောင်းပိတ်ရက်တွင် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများသည် အသုံးလုံးကျေ သင်တန်းအတွက် တက်ကြွစွာအားမာန်အပြည့်ဖြင့် အရန်သင့်ရှိနေကြသည်။ အချို့ကျောင်းသူလေးများမှာ ခရီးသွားလျှင် ဖျားတတ်သဖြင့်"မြွေဆိုးကုန်းဆေး""ဩသဓဆေး""ဆရာမောင်ဆေးနီမှုန့်"တို့ကို အမေက အထုပ်ကလေးနှင့် ထုပ်ပေးလိုက်သည်။ တက္ကသိုလ် ကျောင်းပိတ်ရက်ဆိုတော့ ဥသြပျိုတေးဆိုသည့် တပေါင်းနွေ နေပူကျဲကျဲမှာဖြစ်သည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများသည် မီးရထားကြီးစင်းလုံး အပြည့်ဖြင့် ကျေးလက်တွင် အသုံးလုံးသင်ရန် သွားကြပါသည်။ မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ အမျိုးသားရေး အားမာန်အပြည့်ဖြင့် လှုပ်ရှားခဲ့ကြသည်။ ကမ္ဘာက ပေးတဲ့ဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါသည်။ ယနေ့ ၂၁ ရာစုနှစ်၏ တိုးတက်သော ပညာရေးပုံရိပ်၏ အခြေခံများပင် ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ငါးဆယ်အတွင်း ကမ္ဘာ့အတိုင်းအတာအားဖြင့်လည်းကောင်း၊ မြန်မာ့အတိုင်းအတာအားဖြင့်လည်းကောင်း စာမတတ်မှု အခြေအနေအရပ်ရပ်ကို ဆန်းစစ်သုံးသပ်မှုအပေါ် အခြေခံ၍ရရှိလာသည့် ဆောင်ရွက်ရမည့်နည်းလမ်းမှာ နှစ်ရပ်ဖြစ်သည်။

ကျောင်းနေအရွယ်ဖြစ်သည့် ကလေးများကို အခြေခံပညာ မူလတန်းကျောင်းများ၌ ကျောင်းနေဖြစ်အောင် တစ်နည်းအားဖြင့် ပညာသင်ယူဖြစ်အောင် ကြံဆောင်ကြိုးပမ်းအားထုတ်မှု ပြုလုပ်သည့်နည်းလမ်းသည် ပထမ လမ်းသွယ်ဖြစ်ပါသည်။

ထိုလမ်းသွယ်အရ ဆောင်ရွက်ခြင်းအပြင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေဖြစ်ခြင်းကြောင့် ငယ်ရွယ်စဉ်ကပင် စာတတ်သူများဖြစ်လာကြသည်။ တစ်သက်တာ စာတတ်သူများလည်း ဖြစ်သွားကြပေသည်။

ထိုနည်းလမ်းသည် စာမတတ်သူအဖြစ်သို့ မရောက်သွားစေရန် ရည်ရွယ်ပြီး "ကာကွယ်ထားသည့်နည်းလမ်း" (Preventive measure) ဖြစ်ခြင်းကြောင့် စာမတတ်မှုကို အမြစ်ကစ၍ ဖြတ်တောက်ပစ်သည့် နည်းလမ်းဟူ၍လည်း ဆိုနိုင်ပါသည်။

၂၀၀၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ချီးမြှင့်အားပေး ခဲ့ပါသည်။

ရှေးဦးစွာ ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများက "တို့အင်တို့အား" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အမှာစကားပြောကြားရာတွင်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ပညာရည်မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံ၌ စနစ်တကျ စီမံချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုများကိုပါ အရေးပါသော အခန်းကဏ္ဍ၌ ထည့်သွင်းပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသားများအတွက် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံတကာ ပညာရေးပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မြန်မာနိုင်ငံအနေဖြင့်တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း မိန့်ကြားခဲ့ပါသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် လူဦးရေအားလုံး၏ ၉၁ ဒသမ ၃ ရာခိုင်နှုန်း စာတတ်မြောက်ခဲ့ကြပြီ ဖြစ်သည်။ စာတတ်မြောက်ရေးမှ စာဖတ်ရှိန်မြင့်တင်ရေး၊ အစဉ်သင်ယူသင်ကြားနေသော မြန်မာ့လူ့ဘောင်ပေါ်ထွန်းရေး တိုးမြှင့်ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျေးရွာအုပ်စုတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပေသည်။

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ ကျောင်းနေရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးနိုင်ခဲ့၍ တစ်နိုင်ငံလုံးကျောင်းနေနှုန်း ၉၆ ဒသမ ၅၆ ရာခိုင်နှုန်း ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့မူလတန်း ကျောင်းနေနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ကျောင်းနေနှုန်းက ပိုမိုမြင့်မားနေကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိနိုင်ပါသည်။

ကျန်ရှိသည့် စာမတတ်သူ လူဦးရေ ရာခိုင်နှုန်းထဲမှ ၂၀၀၄ ခုနှစ် စက်တင်ဘာလထိသက်ကြီး စာတတ်မြောက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရပါသည်–

(၂၀၀၄ ခုနှစ်တွင် စာတတ်လာသူပေါင်း)

(က) အမှတ်(၁)အခြေခံပညာဦးစီးဌာနနယ်မြေ	**– ၈၅၉၆၇**
(ခ) အမှတ်(၂)အခြေခံပညာဦးစီးဌာနနယ်မြေ	**–၁၅၁၅၇၄**
(ဂ) အမှတ်(၃)အခြေခံပညာဦးစီးဌာနနယ်မြေ	**– ၁၄၁၁၆**
(ဃ)နယ်စပ်ဒေသများ	**– ၃၉၂၇**
စုစုပေါင်း	**–၂၅၅၅၈၄**

မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

ပညာသင်ယူမှု အခွင့်အလမ်းများ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တိုးပွားဖြစ်ထွန်းလာစေရန် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို ယခင်ကာလများထက် အဆများစွာ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းတွင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ၊ ကျောင်းသား တစ်သိန်းသုံးသောင်းကျော်သာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသားပေါင်း ရှစ်သိန်းကိုးသောင်းအထိ ရှိလာခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး၌ အဆင့်မြင့် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေးဦးတည်ပြီး ပြည်နယ်နှင့် တိုင်း ၁၄ ခုတွင် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ကာ အထူးဒေသကြီးများကို အခြေခံပြီး တက္ကသိုလ်၊ ကောလိပ်များကို ဖြန့်ကြက်တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိသည်။

"မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို ရှာ၍မပြတ် အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်သာတည့်။ ။"

အလိမ္မာစာမှာရှိကြောင်း ဖော်ညွှန်းပြဆိုထားသည့် ရှင်မဟာရဋ္ဌသာရ ကဗျာစုဖြင့် "နိုင်ငံတကာ စာတတ်မြောက်ရေးနှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်" ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

✧ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှ**

တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်းမှူးများ၊ တပ်မှူးများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊တပ်ကိုယ်စားလှယ်အရာရှိများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များ၏ သားသမီးများ၊ တွဲဖက်တာဝန် ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ကြောင်း၊ ဤကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းသည်ဂုဏ်ပြုသင့်သူများကိုအသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

ပြုစုပျိုးထောင်လျက်ရှိ

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပါဝင်ထမ်းဆောင်ကြမည့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေး လုပ်ငန်းစဉ်များတွင် မိမိတို့၏ ကိုယ်ပိုင် အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ စွမ်းပကားဖြင့်သာ ပိုင်ပိုင်နိုင်နိုင် ပြည့်ပြည့်ဝဝ တည်ထောင်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အနာဂတ် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် လူသားစွမ်းရည် အရင်းအမြစ်များ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာရေးအတွက် လေ့ကျင့် ပြုစုပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့၏ ထူးချွန်ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးများကို အခြေခံပြီး ပိုမိုထူးချွန်ထက်မြက်လာစေရန် အဆင့်မြင့်ပညာရပ်များကို ဝီရိယစိုက်ထုတ်ပြီး ဆက်လက် ကြိုးပမ်းလေ့လာ ဆည်းပူးကြရေးနှင့် နိုင်ငံတော်ကို အကျိုးပြုသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်အောင် ကြိုးစားအားထုတ်ကြရေးမှာကြားသည်။

ထို့နောက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ဝန်ကြီးများနှင့် ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်တို့က ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် တပ်ရင်းတပ်ဖွဲ့များမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှတပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များ၏ သားသမီးများနှင့် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများ စုစုပေါင်း ၁၉၇ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ရှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၂ဦး အသီးသီးရရှိ၍ ရိုးရိုးအောင်မြင်သူ ၁၅၅ဦးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များ၏ သားသမီးများ၊ တွဲဖက်တာဝန် ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ သားသမီးများ၊ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ဆုရ ကျောင်းသား၊ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် ကျီခါး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် စက်တင်ဘာ ၃

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ချင်းပြည်နယ် ကျီခါးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဩဂုတ် ၂၅ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း(၆)ဖြင့် ၂၀၀၄ခုနှစ် ဩဂုတ် ၂၆ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၉-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိ မော်ကွန်း(ဒုတိယဆယ်စုနှစ်) (အပိုင်း-၂)
- ၇:၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၁၅ ၈။ ကျောက်ကြီးပေါက်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၀၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၃)**
- ၁:၄၅ ၇။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုး ကုသခြင်း) (အပိုင်း-၂)
- ၂:၀၀ ၈။ **"ရှင်နှောင်း ကျောင်းရောက်ပြီ" (ကြည်စိုး၊ထူးသာ၊ချောနဝင်း၊ ကျော်မေခမွန်၊ယွန်းငုံဖူး) (ဒါရိုက်တာ-ဦးခင်ဇော် ကောသီပန်)**
- ၂:၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၃၀ ၁၀။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
- ၂:၄၅ ၁၁။ International News.
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၅:၁၅ ၆။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
- ၅:၂၀ ၇။ တီးကွက်ညီညာညွှန့်ဟန်သာ
- ၅:၃၀ ၈။ တေးဂီတအစီအစဉ်
- ၅:၄၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၅:၅၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Discovery
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း-၁၁)**
- ၇:၄၀ ၁၆။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၂၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကုလူနာဆောင် အထူးကြပ်မတ်ကုသခန်း၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်၏ ကျန်းမာရေးကောင်းမွန်ပြီး ကြည်လင်ရွှင်လန်းစွာ ရှိနေမှုကို ဝမ်းမြောက်ဝမ်းသာစွာ ကြည့်ရှုပြီး အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှက ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ကြည်လင်ရွှင်လန်းစွာ ရှိနေမှုကို ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှတို့က ဝေဒနာရှင် ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာသည့် အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီး ဂုဏ်ပြု

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝေဒနာရှင် ကိုခင်ဇော်ထက်၏ဇနီး ဒေါ်တင်တင်မြင့်အား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများကို ထပ်မံနှုတ်ဆက်ပြီး ညနေပိုင်းတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံတကာအဆင့်မီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မိမိနိုင်ငံသား၊ နိုင်ငံသူ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုကို နိုင်ငံတကာအဆင့်မီ အဆင့်အတန်း မြင့်မားစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးပေးမှုဖြင့် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆေးပညာရှင်ကြီးများက အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ရင်ချင်းဆက် အမြွှာကလေးငယ်များအား အောင်မြင်စွာ ခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်း၊ ပြတ်နေသော လက်ကို အနုစိတ် ခွဲစိတ်ကုသခြင်း စသော အဆင့်မြင့် ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် နည်းတူ အသည်းအစားထိုး ခွဲစိတ်ကုသနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခွဲစိတ်အထူးကု သမားတော်ကြီးများက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတကာသို့ သမားတော်ကြီးများအား စေလွှတ်လေ့လာစေခြင်းများ၊ လိုအပ်သည့် ခေတ်မီခွဲစိတ်

ခန်းသုံး ပစ္စည်းကိရိယာများနှင့် အသည်းအစားထိုး ကုသမှုအတွက် လိုအပ်သည့် ခေတ်မီပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က ပံ့ပိုးစီမံ ဆောင်ရွက်ပေးခဲ့သည်။

အဘက်ဘက်က ပြည့်စုံခဲ့ပြီးနောက် ခွဲစိတ်အထူးကု သမားတော်ကြီးများ၊ အထွေထွေအထူးကု သမားတော်ကြီးများ၊ မေ့ဆေးဆိုင်ရာ သမားတော်ကြီးများ၊ ဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်များ၊ အထူးပြုသူနာပြုများ စသည့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှု အဖွဲ့သည် လိုအပ်သည့် လေ့ကျင့်မှုများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။

အောင်မြင်စွာဆောင်ရွက်ခဲ့

ထို့နောက် ယခုဩဂုတ် ၂၅ရက်တွင် ကွယ်လွန်သူ အသည်းအလှူရှင် မအေးမွန်ထံမှ ရရှိသောအသည်းဖြင့် အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက်အား အသည်းအစားထိုး ကုသပေးမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအသည်းအစားထိုး ကုသမှုသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော အသည်းအစားထိုး ကုသအောင်မြင်မှုဖြစ်ရာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြုံးရွှင်စွာပြသ

ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကုလူနာဆောင် အထူးကြပ်မတ်ကုသခန်း၌ အသည်းအစားထိုးကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်က ကျန်းမာရေး အထူးတိုးတက်ကောင်းမွန်ကြောင်း လက်မနှစ်ချောင်းထောင်၍ ပြုံးရွှင်စွာပြသနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆင့်မြင့် ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် နည်းတူ အသည်းအစားထိုး ခွဲစိတ်ကုသနိုင်ရေးအတွက် ကျန်းမာရေး ကဏ္ဍမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ခွဲစိတ်အထူးကု သမားတော်ကြီးများက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဝေဒနာရှင် ကိုခင်ဇော်ထက်၏ ဇနီး ဒေါ်တင်တင်မြင့်အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနို…
ကမ္ဘာနှ…

နိုင်ငံတော်က …
ဦးတည်ချက်ကို အကော…
ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး…
ဖွံ့ဖြိုးတိုးတက်လာလျက်…
သာဓကအနေဖြင့်…
မြန်မာနိုင်ငံ၏ ပထမဆုံ…
၂၀၀၄ခုနှစ် ဩဂုတ် ၂၅…
ကြီး၌ အောင်မြင်စွာ ဆော…
နိုင်ငံတော်ဝန်ကြီးချုပ် ဗို…
သွားရောက်ကြည့်ရှု အ…
ဆောင်ရွက်ပေးခဲ့သည်။

အသည်းအစားထို…
ခက်ခဲနက်နဲသော ဆေး…
ဆေးပညာရပ်ကို မြန်…
ဒေါက်တာနော်မန်လှ ဦ…
အောင်မြင်စွာ ဆောင်ရွ…
အသည်းအစားထို…
အသည်းကြွပ်ရောဂါ…
ရောဂါပြင်းထန်စွာ ခံ…
ဆုံးရှုံးနိုင်သူဟု ကျွမ်း…
အသက်(၃၅)နှစ်အရွယ်…

အသည်းအစားထို…
လူနာနှင့်အသည်းအလှူရှ…
မှာလည်း ကောင်းမွန်ရန်…
အောင်မြင်စွာ ဆောင်ရွ…
အသည်းအလှူရှင်မှ…
တို့၏ ခွင့်ပြုချက်အရ အ…
ကိုခင်ဇော်ထက်အား ဆ…
၁၀နာရီ ၁၅မိနစ်တွင် …
ရှေးဦးစွာ အသည်း…
ဩဂုတ် ၂၅ရက် နံနက်…
၄၅မိနစ်တွင် အောင်မြ…
ကိုခင်ဇော်ထက်ထံ…
ဆရာဝန်ကြီး ပါမောက္ခ…
နံနက် ၁၀နာရီ ၁၅မိနစ်…
ပထမဦးဆုံးအကြိမ်အဖြ…
၁၁နာရီ ၄၅မိနစ်တွင် …
မြန်မာ့ဆေးပညာ…
လွန်ခဲ့သောခြောက်လက…
အလှူရှင် မရှိသေးသဖြ…

ထိုသို့ အသည်းအ…
သည် ကျောက်ကပ်အစ…
မြန်မာ့ဆေးပညာလောက…
၂၀၀၂ခုနှစ်ကတည်းက …

မြန်မာနိုင်ငံ၏ ဆေးပညာအဆင့်အတန်း တစ်ဆင့်တက်လှမ်း ကမ္ဘာနှင့် ရင်ပေါင်တန်းရန် နိုင်ငံတော်က အားပေးမြှင့်တင်

ရန်ကုန် စက်တင်ဘာ ၃

နိုင်ငံတော်က ချမှတ်ဖော်ဆောင်နေသော လူမှုရေးဦးတည်ချက်(၄)ရပ်အနက် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဦးဆောင်မှုဖြင့် မြန်မာ့ဆေးပညာလောကနှင့် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍသည် ကမ္ဘာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

သာဓကအနေဖြင့် ကမ္ဘာ့အဆင့်မီ ခွဲစိတ်မှုကြီးတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၀၄ခုနှစ် ဩဂုတ် ၂၅ရက်တွင် ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဝမ်းမြောက်ဝမ်းသာစွာ သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ခက်ခဲနက်နဲသော ဆေးပညာ

အသည်းအစားထိုး ခွဲစိတ်ကုသမှုသည် ကမ္ဘာ့ဆေးပညာလောကတွင် ခက်ခဲနက်နဲသော ဆေးပညာရပ်ပိုင်းဆိုင်ရာဖြစ်သည်။ ယင်းခက်ခဲနက်နဲသော ဆေးပညာရပ်ကို မြန်မာနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့်လူနာမှာ အသည်းခြောက်၊ အသည်းကွပ်ရောဂါကြောင့် ဗိုက်ဖောင်း၍ သွေးငါးကြိမ် အန်ထားသည်အထိ ရောဂါပြင်းထန်စွာ ခံစားနေရပြီး ခြောက်လမှတစ်နှစ်အတွင်း အသက်ဆုံးရှုံးနိုင်သူဟု ကျွမ်းကျင်သော ဆရာဝန်ကြီးများက တွက်ချက်ထားသူ အသက်(၃၅)နှစ်အရွယ်ရှိ ကိုခင်ဇော်ထက်ဖြစ်သည်။

ကြုံကြိုက်မှုရှိရမည်

အသည်းအစားထိုး ခွဲစိတ်ကုသနိုင်ရန်အတွက် ခွဲစိတ်ကုသမှု ခံယူသူ လူနာနှင့်အသည်းအလှူရှင်တို့ ကြုံကြိုက်မှုရှိရမည်ဖြစ်ပြီး အလှူရှင်၏ အသည်းမှာလည်း ကောင်းမွန်ရန် လိုအပ်ကာ အကြောင်းဖြစ်စဉ်များ တိုက်ဆိုင်မှုရှိမှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အသည်းအလှူရှင်မှာ အသက်(၃၉)နှစ်အရွယ်ရှိ မအေးမွန်ဖြစ်ပြီး လူနာရှင်တို့၏ ခွင့်ပြုချက်အရ အသည်းအလှူရှင် ပေါ်ပေါက်လာ၍ အသည်းဝေဒနာရှင် ကိုခင်ဇော်ထက်အား ဆက်သွယ်ကာ ၂၀၀၄ ခုနှစ် ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ခွဲစိတ်ကုသမှုကို စတင်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အသည်းအလှူရှင်ထံမှအသည်းကို ခွဲစိတ်ကုဆရာဝန်များအဖွဲ့က ဩဂုတ် ၂၅ရက် နံနက် ၇နာရီခွဲတွင် စတင်ခွဲစိတ်ကြရာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ထုတ်ယူရရှိခဲ့သည်။

ကိုခင်ဇော်ထက်ထံမှ ခြောက်နေသောအသည်းကို ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှ ဦးဆောင်သောအဖွဲ့က ထိုနေ့ နံနက် ၁၀နာရီ ၁၅မိနစ်တွင် စတင်ခွဲစိတ် ဖယ်ရှားခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသပေးခဲ့ရာ ည ၁၁နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

မြန်မာ့ဆေးပညာရှင်များသည် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို လွန်ခဲ့သောခြောက်လက စီစဉ်ဆောင်ရွက်ခဲ့သော်လည်း လူနာရှိပြီး အသည်းအလှူရှင် မရှိသေးသဖြင့် ဆောင်ရွက်ခွင့်မရဘဲ ရှိခဲ့သည်။

အောင်မြင်မှုတစ်ဆင့်တက်ရေး

ထိုသို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ရန် နိုင်ငံတော်သည် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်ပြီးဖြစ်သည့်နောက် မြန်မာ့ဆေးပညာလောက အောင်မြင်မှုတစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် ၂၀၀၂ခုနှစ်ကတည်းက စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ဝယ်ယူဖြည့်တင်းပေးခဲ့

ဆေးပညာရှင်များအား ပြည်ပသို့ ပညာတော်သင် စေလွှတ်ခဲ့ရုံသာမက အထောက်အကူပြုပစ္စည်းများကို ပြည်ပမှ ဝယ်ယူဖြည့်တင်းပေးခဲ့သည်။

၂၀၀၃ခုနှစ် မေ ၁၃ရက်တွင် အသည်းအစားထိုးခွဲစိတ်ကုသမှု ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဦးနှောက်သေဆုံးခြင်း အလှူရှင်ဆိုင်ရာ ဆပ်ကော်မတီ၊ လူနာရွေးချယ်ရေးနှင့် ဆေးဝါးကုသမှုဆိုင်ရာ ဆပ်ကော်မတီ၊ လူနာရွေးချယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် စဉ်ဆက်မပြတ် ဆေးဝါးကုသမှုဆိုင်ရာ ဆပ်ကော်မတီ၊ ရောဂါဗေဒဆိုင်ရာ ဆပ်ကော်မတီနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ ဆပ်ကော်မတီတို့ကိုပါ ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။

ကြည့်ရှုအားပေး

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ သွားရောက်၍ ဩဂုတ် ၂၅ရက်က အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာခံယူခဲ့သူ ကိုခင်ဇော်ထက်၏ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်မှုကို သွားရောက်ကြည့်ရှု အားပေးသည်။

ကိုခင်ဇော်ထက်မှာ ကျန်းမာရေး ကောင်းမွန်တိုးတက်လျက်ရှိပြီး အတွဲမပါဘဲ လမ်းလျှောက်နိုင်ကာ နိုင်ငံတော်ဝန်ကြီးချုပ်အား ဂါရဝပြု တွေ့ဆုံ၍ ကျန်းမာရေး ကောင်းမွန်ပါကြောင်း၊ နိုင်ငံတော်နှင့် ဆေးပညာရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။

ကိုခင်ဇော်ထက်သည် မြန်မာ့ဆေးပညာရှင်တို့၏ ကျွမ်းကျင်မှုနှင့် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်သေသာဓက ပြလိုက်ခြင်းပင်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးပညာလောကတွင် ခက်ခဲနက်နဲသော ဆေးပညာ

အသည်းအစားထိုး ခွဲစိတ်ကုသမှုသည် ကမ္ဘာ့ဆေးပညာလောကတွ ခက်ခဲနက်နဲသော ဆေးပညာရပ်ပိုင်းဆိုင်ရာဖြစ်သည်။ ယင်းခက်ခဲနက်နဲသေ ဆေးပညာရပ်ကို မြန်မာနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တ နော်မန်လှ ဦးဆောင်သော ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက အောင်မြင်စွ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ရင်းရင်းနှီးနှီး ဂုဏ်ပြုနှုတ်ဆက်

အမျိုးသား ကျန်းမာေ ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတေ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွ မြန်မာနိုင်ငံတွင် ပထမဆ အကြိမ်အဖြစ် အသည်းအစားဝ ခွဲစိတ်ကုသမှုကို အောင်မြင်ဓ ဆောင်ရွက်နိုင်ခဲ့သည့် ခွဲစိ အထူးကုဆရာဝန်ကြီး ပါမောဓ ဒေါက်တာနော်မန်လှအား ရင်းရ နှီးနှီး ဂုဏ်ပြုနှုတ်ဆက်စဉ်။

(သတင်းစ



ဩဂုတ် ၂၅ရက်က အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမော ဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်အထူးကုဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးစဉ်။ (သတင်းစ



ရန် ကုန် မြို့ အ ထွေ ထွေ ရောဂါကု ဆေး ရုံ သစ် ကြီး ကို တွေ့ ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်က ပံ့ပိုးစီမံဆောင်ရွက်ပေးခဲ့

နိုင်ငံတကာသို့ သမားတော်ကြီးများအား စေလွှ လေ့လာစေခြင်းများ၊ လိုအပ်သည့် ခေတ်မီခွဲစိတ်ခန်းသ ပစ္စည်းကိရိယာများနှင့် အသည်းအစားထိုး ကုသ အတွက် လိုအပ်သည့် ခေတ်မီပစ္စည်းကိရိယာများ ဝယ်ယ ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က ပံ့ပိုးစီမံဆောင်ရွ ပေးခဲ့သည်။ အဘက်ဘက်က ပြည့်စုံခဲ့ပြီးနောက် ခွဲစိ အထူးကု သမားတော်ကြီးများ၊ အထွေထွေအထူးေ သမားတော်ကြီးများ၊ မေ့ဆေးဆိုင်ရာ သမားတော်ကြ များ၊ ဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်များ၊ အထူးပြုသူနာ များစသည့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သည အသည်း အစားထိုး ခွဲစိတ်ကုသမှုအဖွဲ့သည် လိုအပ်သည လေ့ကျင့်မှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်။

❍ ကျောဖုံးမှ

ရေနံဓာတ်ငွေ့ရည်၊ မက်သနောစသည့် စက်မောင်းဆီများဖြင့် အောင်အောင်မြင်မြင် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ခဲ့သဖြင့် ပြည်သူလူထုအတွက် အသစ်အဆန်းတစ်ရပ် မဟုတ်တော့ဘဲ ယခုကဲ့သို့ အလျင်အမြန် စတင်နိုင်ခြင်း ဖြစ်ပါသည်။

လက်ရှိအနေအထားတွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များသည် ရန်ကုန်မှ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ ပဲခူးတို့သို့လည်းကောင်း၊ ချောက်မှ ကျောက်ပန်းတောင်း၊ ရေနံချောင်းမှ မင်းဘူး၊ မကွေးတို့သို့လည်းကောင်း ပြေးဆွဲလျက်ရှိရာ စုစုပေါင်း ၅၈၇ စီး ရှိပါသည်။ ထိုသဘာဝဓာတ်ငွေ့ မော်တော်ယာဉ်များတွင် ၁၉၈၆ ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်များ ပါဝင်သဖြင့် နှစ်ပေါင်း ၁၈နှစ်အတွင်း အန္တရာယ်ကင်းစွာပြေးဆွဲနေခြင်းမှာ လက်တွေ့သာဓကတစ်ခုဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းသည် ဘေးအန္တရာယ် ကင်းရှင်းမှုရှိပါသည်။

သဘာဝဓာတ်ငွေ့သည် မီသိန်းဓာတ်ငွေ့ (CH_4) ဖြစ်ပြီး လေထက်ပေါ့ပါးသည်။ လေ၏သိပ်သည်းဆမှာ ၁ ရှိပြီး သဘာဝဓာတ်ငွေ့၏ သိပ်သည်းဆမှာ ၀ ဒသမ ၅၅ သာရှိပါသည်။ သဘာဝဓာတ်ငွေ့ ယိုစိမ့်မှုရှိပါက လေထုအပေါ်သို့ တက်သွားပြီး ပျောက်ကွယ်သွားမည်ဖြစ်ရာ မီးဘေးအန္တရာယ်နည်းပါးပါသည်။

သဘာဝဓာတ်ငွေ့သည် လေနှင့်ရောနှောပြီး မီးလောင်နိုင်သည့် အချိုးအဆမှာ ၅ မှ ၁၀အတွင်း ရှိပါသည်။ ဓာတ်ဆီမှာ ၁ ဒသမ ၅ မှ ၁၆ အတွင်း ရှိပါသည်။ သို့ပါ၍ ဓာတ်ဆီမှာ သဘာဝဓာတ်ငွေ့ထက် မီးလောင်လွယ်ပါသည်။ အက်ဆီသလင်းမှာ ၂ ဒသမ ၅ မှ ၈၁ အတွင်းရှိပါသည်။ ထို့ကြောင့် အက်ဆီသလင်းမှာ အလွန်မီးလောင်လွယ်ပါသည်။

ဒီဇယ်ဆီ၏အလိုအလျောက် မီးလောင်နိုင်သောအပူချိန်မှာ ၂၀၀ ဒီဂရီစင်တီဂရိတ်–၂၆၀ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး ဓာတ်ဆီ၏ အလိုအလျောက် မီးလောင်နိုင်သော အပူချိန်မှာ ၃၆၀ဒီဂရီ စင်တီဂရိတ်–၃၈၀ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ သဘာဝဓာတ်ငွေ့၏ အလိုအလျောက် မီးလောင်နိုင်သော အပူချိန်မှာ ၆၁၅ဒီဂရီစင်တီဂရိတ်–၆၈၀ဒီဂရီစင်တီဂရိတ်ဖြစ်သဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီထက် မီးလောင်ရန်ခက်ခဲပါသည်။

သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများလည်း ရရှိနိုင်ပါသည်–

သဘာဝဓာတ်ငွေ့၏ အောက်တိန်းနံပါတ် (Octane No) **မှာ ၁၃၀ ရှိသဖြင့် အင်ဂျင်တွင် Knocking လုံးဝမဖြစ်ပါ။ သို့ပါ၍ အင်ဂျင်သက်တမ်း ပိုရှည်ပါသည်။**

သဘာဝဓာတ်ငွေ့နှင့် မောင်းနှင်ရာတွင် အပြည့်အဝ မီးလောင်ကျွမ်းမှုကို ရရှိသဖြင့် မော်တော်ယာဉ်မှ ထွက်လာသော အိတ်ဇောဓာတ်ငွေ့တွင် ဟိုက်ဒြိုကာဗွန်များ မပါဝင်လာတော့ခြင်း၊ ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့ထွက်ရှိမှု လျော့နည်းသွားခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်တော့ပါ။

သဘာဝဓာတ်ငွေ့မှာ အင်ဂျင်အတွင်းတွင် အပြည့်အဝလောင်ကျွမ်းသဖြင့် အင်ဂျင်ဝိုင်များကိုလည်း ညစ်ညမ်းမှုမဖြစ်စေပါ။ အင်ဂျင်ဝိုင်သက်တမ်းမှာ ဓာတ်ဆီအင်ဂျင်ထက် နှစ်ဆခန့်ပိုခံပါသည်။ အင်ဂျင်ဝိုင် သန့်ရှင်းမှုရှိသဖြင့် အင်ဂျင်သက်တမ်းလည်း ပိုရှည်ပါသည်။

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် ကန့်သတ်ချက်တစ်ခုမှာ သဘာဝဓာတ်ငွေ့အိုး တပ်ဆင်ရန် နေရာရွေးချယ်ရခြင်းဖြစ်ပါသည်။ နေရာရွေးချယ်ရရှိပြီးပါက တပ်ဆင်ရသည်မှာ လွယ်ကူပါသည်။ သဘာဝဓာတ်ငွေ့ကို သုံးစွဲသဖြင့် ဘေးအန္တရာယ်မရှိသကဲ့သို့ သဘာဝဓာတ်ငွေ့ သိုလှောင်အိုးများ (CNG Cylinder) မှာလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်အောင် ထုတ်လုပ်ထားသော အိုးများဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ သိုလှောင်အိုးများမှာ ဂဟေဆော်ဆက်ထားခြင်းမျိုး လုံးဝမရှိဘဲ အပူဖြင့်လိမ့်ပြီး ထိပ်ပိတ်များကို ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ဖိအား ပေါင် ၃၀၀၀/စတုရန်းလက်မ အသုံးပြုနိုင်ပြီး ဖိအား ၄၅၀၀ ပေါင်/စတုရန်းလက်မအထိ စမ်းသပ်ထားပါသည်။ သဘာဝဓာတ်ငွေ့ သိုလှောင်အိုးအတွင်း ဓာတ်ငွေ့ထည့်ထားပြီး မီးလောင်မှုဖြစ်ပွားပါက ပေါက်ကွဲမှုမရှိခြင်း၊ ပြင်းထန်စွာ တိုက်ခိုက်မှုဖြစ်ပွားပါက ပေါက်ကွဲမှုမရှိခြင်း စသည့်ခံနိုင်ရည်များကိုလည်း နယူးဇီလန်နိုင်ငံမှ လက်တွေ့သရုပ်ပြစမ်းသပ်မှုများကို ဗီဒီယိုမှတ်တမ်းတွင် လေ့လာကြည့်ရှုဖူးပါသည်။ နယူးဇီလန်နိုင်ငံသည် လုံခြုံစိတ်ချရမှု(Safety)နှင့်ပတ်သက်၍ အလွန်တင်းကျပ်သော နိုင်ငံတစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့သောနိုင်ငံကပင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ယုံကြည်စိတ်ချစွာ အသုံးပြုခဲ့သည်မှာ ၁၉၈၆ ခုနှစ်ကတည်းက စီးရေတစ်သိန်းကျော်ရှိခဲ့ပါသည်။ နယူးဇီလန်နိုင်ငံကဲ့သို့ အီတလီနှင့်အာဂျင်တီးနားနိုင်ငံများသည်လည်း သဘာဝဓာတ်ငွေ့ကားစီးရေ သိန်းနှင့်ချီ၍ အသုံးပြုနေပါသည်။ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့တွင်လည်း သဘာဝ ဓာတ်ငွေ့သုံးကားများကို အသုံးပြုနေပြီဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ပလိပ်မြို့တွင် သဘာဝဓာတ်ငွေ့အရောင်းဆိုင် (Compressed Natural Gas Station)တစ်ဆိုင် တည်ဆောက်နေပြီး မန္တလေး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲနှင့်တံတားဦးမြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ပစ္စည်းများ(CNG Kit) တပ်ဆင်ပေးနေပြီဖြစ်ပါသည်။ ထိုကားလေးများ၏ မူလဓာတ်ဆီအင်ဂျင်တွင်(CNG Kit)တပ်ဆင်ပေးခြင်းဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ဖြင့်လည်း မောင်းနှင်နိုင်ပါသည်။ ဓာတ်ဆီဖြင့်လည်း ပြန်လည်မောင်းနှင်နိုင်ပါသည်။ Bi-Fuel စနစ် တပ်ဆင်ပေးထားခြင်းဖြစ်ပါသည်။

ယခုတပ်ဆင်ပေးနေသော မော်တော်ယာဉ်တွင်(CNG Kit)နှင့် CNG အိုးလေးလုံး တပ်ဆင်ပေးထားပါသည်။ ခရီးမိုင်၁၀၀ခန့်မောင်းနှင်နိုင်ပါသည်။ ထို Kitတစ်စုံအတွက် တန်ဖိုးမှာ ကျပ် ငါးသိန်းခွဲမှ ခြောက်သိန်းခန့်ဖြစ်ပါသည်။ ဓာတ်ဆီတစ်ဂါလန်နှင့်ခရီးတူမောင်းနှင်နိုင်မည့်သဘာဝဓာတ်ငွေ့ ၁၆၅ ကုဗပေ၏ ရောင်းဈေးမှာ ကျပ် ၁၀၀ ဖြစ်ပါသည်။ ပလိပ်မြို့တွင် ဓာတ်ဆီမော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ပြောင်းလဲတပ်ဆင်နေသကဲ့သို့ ရန်ကုန်တွင်လည်း တီအီးဒီဇယ်ကားများကို ရာနှုန်းပြည့်Dedicated CNG Engine အဖြစ် ပြောင်းလဲတပ်ဆင်နေပါသည်။ အင်ဂျင်၏အဓိကအစိတ်အပိုင်းလေးမျိုးအား ပြုပြင်ပြီး Compression Ignition Engine မှ Spark Ignition Engine အဖြစ်သို့ ပြောင်းလဲ၍ သဘာဝဓာတ်ငွေ့ဖြင့် ပြောင်းလဲမောင်းနှင်အသုံးပြုခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ဓာတ်ဆီ၊ ဒီဇယ်ဆီ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲသည်နှင့်အတူ သဘာဝဓာတ်ငွေ့သုံးအရောင်းဆိုင် (CNG Station)များ တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။ ရန်ကုန်မြို့ ပတ်လည်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆွဲထားပြီးရှိသဖြင့် (CNG Station) များ အလွယ်တကူ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ ပဲခူးရိုးမအနောက်ခြမ်း ရန်ကုန်–ပြည်–မကွေး– ချောက်–မြင်းခြံ–ကျောက်ဆည်လမ်းနှင့်အပြိုင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ပြီးဖြစ်သဖြင့် ရန်ကုန်မှ မိုင် ၅၀ အကွာတွင် CNG အရောင်းဆိုင်တစ်ဆိုင်ဖွင့်လှစ်ပေးခြင်းဖြင့် မကြာမီကာလအတွင်း ရန်ကုန်–မြင်းခြံ–မန္တလေးလမ်းတစ်လျှောက် သဘာဝဓာတ်ငွေ့သုံးယာဉ်များ ပြေးဆွဲနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ သဘာဝဓာတ်ငွေ့ကို အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ တန်ဖိုးမြင့်မားသော ဓာတ်ဆီ၊ ဒီဇယ်ဆီစသော စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းသည် သက်သာသည့်အပြင် အပြည့်အဝရောင်းချပေးနိုင်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာလာသဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိလာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သဘာဝဓာတ်ငွေ့ (CNG)သုံး ရန်ကုန်–ပဲခူးခရီးသည်တင် ဟိုင်းလတ်မော်တော်ယာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ–မောင်မောင်သန်း(သတင်းစဉ်)

ရန်ကင်းပညာရေး ကောလိပ် ကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီး) ဆရာဝန်အဖွဲ့၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူကလေးများအား ကျန်းမာရေး ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ ကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီး) ဆရာဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီး) ဆရာဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်ဇင်က ဆယ်ကျော်သက်ရွယ်များအတွက် အာဟာရဖွံ့ဖြိုးရေး အကြောင်းကို အကျယ်တဝင့် ဟောပြောသည်။ (သတင်းစဉ်)

အမျိုးသမီးဆရာဝန်များအဖွဲ့က ကျောင်းတွင်းရှိ ကျောင်းကျန်းမာရေးပြခန်း၊ ပညာရေးပြက္ခဒိန်လှုပ်ရှားမှုပြကွက်များနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဆိုင်များ ရောင်းချနေမှုတို့ကို လေ့လာကြည့်ရှုကြစဉ်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄–၉–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "တေဝိဇ္ဇသုတ်"**
- **၉:၀၀** ၁၀။ **နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အစီအစဉ်**

"ကြည်ပြာ"ရုပ်ရှင်
ဒါရိုက်တာ–ကြီးမြင့်
သရုပ်ဆောင်–ထွန်းထွန်းဝင်း၊ မေဝင်းမောင်

- **၁၀:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၁၀:၁၁** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၃၀** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၅** ၆။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**

Input Output Analysis
(ဒုတိယနှစ်–စီးပွားရေး)

- **၅:၃၀** ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မဆုတ်မနစ်(အပိုင်း–၇)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးမား(ဒုတိယတွဲ) (အပိုင်း–၁၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ဆုချီးမြှင့်

ဩဂုတ် ၂၈ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တာမွေမြို့နယ်၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စု တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူး ရရှိသူ မမေသူလှအေးအား ရွှေစင်ရွှေပြားငါးမူးသားဆု ချီးမြှင့်စဉ်။
(က–ပ)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်ပါသည်။

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အမျိုးသား ၁၁သင်းနှင့်အမျိုးသမီး၁၇သင်း ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၃

၂၀၀၄ ခုနှစ် ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း (အမျိုးသား၊ အမျိုးသမီး) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၊ မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်(ဒေါင်းအုပ်စုကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေ့ဦးစွာ ယမန်နှစ် တံခွန်စိုက် ချန်ပီယံအသင်းများဖြစ်သည့် ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့က ဝန်ကြီးထံ တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ၎င်းနောက် ပြိုင်ပွဲဝင်အသင်းများသည် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြကာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အမျိုးသားလက်ရွေးစင်အသင်းနှင့် အမျိုးသမီးလက်ရွေးစင်အသင်းတို့က သရုပ်ပြကစားကြသည်။ ယင်းနောက် ပထမနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား၁၁သင်းနှင့် အမျိုးသမီး ၁၇သင်း ဝင်ရောက် ယှဉ်ပြိုင်ကြပြီး သုံးယောက်တွဲပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်သည်။ ပြိုင်ပွဲကို ယနေ့မှစတင်ဘာ ၁၁ရက်အထိ နေ့စဉ်နံနက် ၈နာရီတွင် စတင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

စက်တင်ဘာ ၃ ရက်က ၂၀၀၄ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ယမန်နှစ်အမျိုးသား ချန်ပီယံ ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဒိုင်း ပြန်လည်အပ်နှံရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် လက်ခံယူစဉ်။

(အား/ကာ)

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်မူဝါဒနှင့် လမ်းစဉ် (၇)ရပ် ဟောပြောပို့ချ

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည်ယနေ့မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီခွဲအထိ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၈)၌ သင်တန်းသား ၁၂၀တို့အား နိုင်ငံတော် မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ ဖော်ဆောင်လျက်ရှိပုံနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

အထက(၃)ဗိုလ်တထောင် ရာပြည့်အထိမ်းအမှတ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

အထက(၃)ဗိုလ်တထောင် (ရေကျော် အထက) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ရာပြည့်အထိမ်းအမှတ်ပွဲ ကျင်းပရေးကော်မတီနှင့် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျန်းမာရေးကူညီဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် စိတ်ပါဝင်စားသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါ်ခင်ခင်စိန် ဖုန်း-၀၉-၅၀-၀၇၃၇၁၊ ၅၂၆၂၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဗြိတိန်နိုင်ငံအနုပညာရှင်များ၏ ဂီတဆည်းဆာဖျော်ဖြေပွဲ အခမဲ့ကြည့်ရှုနိုင်

ရန်ကုန် စက်တင်ဘာ ၃

ဗြိတိန်နိုင်ငံ Cambridge University St. Catharine's College အနုပညာရှင်များ တင်ဆက်ဖျော်ဖြေမည့် ဂီတဆည်းဆာကို စက်တင်ဘာ၆ရက် (တနင်္လာနေ့) ညနေ၆နာရီခွဲတွင်မန္တလေး အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ စက်တင်ဘာ၉ရက် (ကြာသပတေးနေ့) ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌လည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ တေးဂီတမြတ်နိုးသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် မုံရွာမြို့၌ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ မြန်မာ-ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အဖြစ် Monywa Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယပွဲစဉ်တွင် Professional Golfers များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများအတွက် Handicap သုညမှ(၁၂)အထိ ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက်(၁၈)နှစ်မပြည့်သေးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

Monywa Open Golf Championship ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများအတွက် မော်တော်ယာဉ်စီစဉ်ထားရှိပြီးဖြစ်၍ ရန်ကုန်မြို့မှ မုံရွာမြို့သို့ လိုက်ပါကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ Han Event Management ရုံးဖုန်း-၅၄၂၉၈၉ နှင့် ၇၂၃၂၂၁ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး မုံရွာမြို့မှ မုံရွာဂေါက်ကွင်းသို့လည်း မော်တော်ယာဉ်များ စီစဉ်ထားသည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Professional Golfers များနှင့်အမျိုးသား အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများသည် စက်တင်ဘာ ၁၄ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ အမှတ်(၁၅)ကမ္ဘာ့ဇလမ်း၊ ဗဟန်း မြို့နယ် ရန်ကုန်မြို့နှင့် မုံရွာမြို့ Monywa Golf Club ဖုန်း-၀၇၁-၂၁၅၅၀ တို့သို့ ပြိုင်ပွဲဝင်အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

စီးပွားကူးသန်းဂျာနယ် အတွဲ(၄)အမှတ်(၁၆)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၃

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ ရသဆောင်းပါးများဖြင့် ဝေဝေ ဆာဆာဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ(၄) အမှတ်(၁၆)ကို အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန်၊ စီးပွားကူးသန်းဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၁)လမ်းအမှတ်(၁၇၅)နေကွယ်လွန်သူ ထားဝယ်မြို့ ကျောက်မော်ရပ်နေ မိခင်ကြီး ဒေါ်ငွေရင်အားရည်စူး၍ ဦးအောင်ငွေမိသားစုတို့က ဦးအောင်ငွေ၏ (၇၄)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဩဂုတ် ၂၁ ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

သက်ကြီးပူဇော်ခံ ဒေါ်နှင်းရီ(မော်လမြိုင်-ညောင်ပင်ဆိပ်)နှင့် နှစ်ဖက်သော မိဘများအား ရည်စူး၍ အမှတ် ၂၂(ဒီ)ကန်ရိပ်သာလမ်း၊မရမ်းကုန်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမြသိန်း(ငြိမ်း)နှင့် ဒေါ်ခင်နွယ်(စက်မှု-၂၊ ငြိမ်း)တို့က အလှူငွေကျပ်တစ်သိန်းကို နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ မော်လမြိုင်အသင်းခမ္မာရုံတွင်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးနှင့် မော်တော်ယာဉ်ခေါင်းဆောင် ဦးဝင်းနိုင် တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိက စာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါန ငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း(၀၁-၂၅၂၄၅၇၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊ ၀၁-၃၇၉၇၇၁နှင့် ၀၁-၂၅၂၄၅၁)တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၇-၉-၂၀၀၄ (အင်္ဂါနေ့)
အချိန် - မွန်းလွဲ (၂)နာရီ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉/၃၇၉၇၆၉/၃၇၉၇၇၁/၂၅၂၄၅၁

ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် မြို့နယ် ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်တွင် ပါဝင်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်ဖြင့် ရည်မှန်းချက်ထားပြီး ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို အောင်မြင်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဆောင်ရွက်

ပြည်သူလူထု၏ အာဟာရအခြေအနေ မြင့်မားမှသာ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှလည်း အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှု ပြဿနာကာကွယ်ရေး၊ အာဟာရပြည့်ဝစွာ စားသုံးသည့် ဓလေ့များထွန်းကားလာရေးတို့ကို ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသုံးနိုင်သည့် ဓလေ့ထွန်းကားလာစေရန် ကလေးသူငယ်များအား အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးသည့် ဓလေ့ထွန်းကားလာစေရန်အတွက်အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများ၏ မြို့နယ်အလိုက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုပြကွက်များကို လည်းကောင်း၊ အိုင်အိုဒင်းဆား အရည်အသွေး စမ်းသပ်ပြသမှုကို လည်းကောင်း၊ အချက်အပြုတ်ပြိုင်ပွဲဝင် မြို့နယ်များမှ အာဟာရပြည့်ဝသည့် အစားအစာများ ချက်ပြုတ်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ ဆေးပြားတိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဝေငှပေးအပ်သည်။

ယခု ကျင်းပသည့် ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ပံ့ပိုးကူညီခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စမ်းချောင်းလမ်း (၁၀)ရက်တရား စခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားတော်ကို ကမ္ဘာ့ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက စက်တင်ဘာ ၁၅ ရက်မှ ၂၄ ရက်ထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် (၂၉) ဒုတိယအလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ပြီး ဝါတွင်းဥပုသ်နေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၅နာရီအထိ တရားစခန်းရှိရာသို့ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

စန်းမြသီတာမဟာစည်ရိပ်သာ တရားစခန်း ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် ပေါ်ဦး(၄)လမ်းရှိ စန်းမြသီတာမဟာစည် ရိပ်သာ၌ ၁၀ ရက် တရားစခန်း ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကို ပဓာန နာယက ဘဒ္ဒန္တနိပုဏနှင့် သံဃာတော်များဦးစီး၍ တော်သလင်းလဆန်း ၅ ရက်မှ တော်သလင်းလပြည့်နေ့အထိ ၁၀ ရက် တရားစခန်းကျင်းပမည် ဖြစ်ပြီး ယောဂီဆောင်ကျောင်းအမကြီး ဒေါ်ရီရီမြင့် မိသားစုတို့က ဓမ္မဒါနကုသိုလ်ပြုကြမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

တရားအားထုတ်လိုသော ယောဂီများ စန်းမြသီတာ မဟာစည်ရိပ်သာ အကျိုးဆောင်အဖွဲ့ ဖုန်း-၅၈၀၇၂၂ သို့ ဝါခေါင်လပြည့်ကျော် ၁၁ ရက် (စက်တင်ဘာ ၁၀ ရက်) နောက်ဆုံး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့်တိုးချဲ့ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့်တိုးချဲ့ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးမောင်ကြေးက လေယာဉ်ရပ်နားနေရာ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေ၊ မြေပေါ်ရေမြောင်းနှင့် မြေအောက် ရေမြောင်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် လေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးအတွက် ဘိုးပိုင်ရိုက်ခြင်း လုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ Basement Slabနှင့် Ground Floor Slab ကွန်ကရစ်လောင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရာတွင် လေဆိပ်လုပ်ငန်းများ မထိခိုက်စေဘဲ အဆင့်ဆင့်ဆောင်ရွက်မည့် အစီအမံများ၊ ပစ္စည်းစုပေါင်းရရှိထားမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်း

ထို့နောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။ ဝန်ကြီးက စီမံကိန်းကာလအတွင်း လုပ်ငန်းများ စံချိန်စံညွှန်းမီ ပြီးစီးဆောင်ရွက်ကြရေး၊ တာဝန်ရှိသူများက မကြာခဏ စစ်ဆေးမှုများပြုလုပ်ကြရေး မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လေယာဉ်ရပ်နားနေရာ တည်ဆောက်နေမှု၊ အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ **(အပေါ်ပုံ)** Boarding Bridge တပ်ဆင်မည့်နေရာ အနေအထားကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဝန်ဆောင်မှုလုပ်ငန်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန် ဝယ်ယူရောက်ရှိနေသော လူစီးမော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစောထွဋ်နောင်နှင့် ရှောက်ပင်ရိုးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးချစ်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် ပညာရေးဌာနတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်ပညာအလင်း စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က ဘော်ကြိုကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးစိုင်းစိန်လင်း၊ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၄၇)

လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၉ရက်နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်သို့ ရောက်ရှိပြီးနောက် တည်ဆောက်ဆဲ ရဲရွာနှင့်ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီးစီးပါက ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် (၂၃၀/၁၃၂/၃၃) ကေဗွီ ၄၀၀ အမ်ဗွီအေ ရွှေစာရံဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာနှင့် ကျောက်ဆည်မြို့နယ်တွင်တည်ဆောက်မည့် ၂၃၀ ကေဗွီ ကျောက်ဆည်ဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာ ရွေးချယ်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း အစည်းအဝေးခန်းမ၌ ကျင်းပသော ရေအားလျှပ်စစ် စီမံကိန်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုတင်မြော်တွေး

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားရာ၌ လက်ရှိဆောင်ရွက်နေကြသော စီမံကိန်းများ သတ်မှတ်ကာလထက်စော၍ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှု မှန်ကန်ရေး၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲကြရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ ကြိုတင်ဆောင်ရွက်၍ရသည့်လုပ်ငန်းများကို ကြိုတင်လုပ်ကိုင်ကြရေး၊ လုပ်ငန်းအောင်မြင်ရေးအတွက် ကြိုတင်မြော်တွေး တီထွင်ကြံဆ ဆောင်ရွက်ကြရေးနှင့် ခြိုးခြံချွေတာရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အဖွဲ့သည် ဩဂုတ် ၃၁ရက် နံနက်ပိုင်းတွင် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တမံမျက်နှာပြင် မြေညှိခြင်းလုပ်ငန်း၊ ရေတားနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ဖောက်လုပ်ပြီးစီးသွားသည့် ရေလွှဲဥမင်လိုဏ် အမှတ်(၂)၊ ဖောက်လုပ်ဆဲရေလွှဲဥမင်လိုဏ် အမှတ်(၁)နှင့် ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်း၊ ရေယူအဆောက်အအုံ R.C.C ကွန်ကရစ်ဖျော်စက် တည်ဆောက်မည့်နေရာ၊ R.C.C ကွန်ကရစ်ဖျော်ရာတွင် အသုံးပြုမည့် ရေခဲစက်တည်ဆောက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက တာဝန်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ အဆောက်အအုံများ ခိုင်ခံ့ရေး၊ လုပ်ငန်းသုံး ယာဉ်ယန္တရားများ စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်းဖြည့်ဆည်းထားရှိရေး၊ ကျန်းမာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဩဂုတ် ၂၅ ရက်က တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၃)ဝိုင်း ဒေးဒရဲကျောင်းဝင်းအတွင်း အပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့်ကြေးတော်ကြီး ဘုရားအား မဟာစည်ရိပ်သာ နာယကဥက္ကဋ္ဌ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ထေရဝံသ (မြန်အောင် ဆရာတော်ကြီး)နှင့် တပည့်ဒါယကာ၊ဒါယိကာမများ ဖူးမြော်ကြည်ညိုစဉ်။ (၅၂၉)

ဇီဝိတဒါန မေတ္တာဆေးကုခန်းဖွင့်ပွဲ ပြည်မြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့ ဇီဝိတဒါန မေတ္တာဆေးကုခန်းဖွင့်ပွဲကို ဩဂုတ် ၃၁ရက် နံနက် ၉နာရီတွင် ရွှာဘဲတောင်ပေါ် ကျောင်းတိုက်၌ ကျင်းပရာ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဘဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ၊ ပဲခူးတိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရဓဇနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဒုတိယပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတတို့က ဖဲကြိုးဖြတ်၍ ဇီဝိတဒါန မေတ္တာဆေးခန်းကို ဖွင့်လှစ်ပေးတော်မူကြပြီး ဆရာတော်များက အမွေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ဖွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် အခမ်းအနားကို ရွှာဘဲတောင်ပေါ် ကျောင်းတိုက် သာသနာ့ဓမ္မဗိမာန်တော်၌ ကျင်းပရာ ရှေးဦးစွာ ဆည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်တို့က ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဘဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒေါက်တာ ဦးစိုးလွင်(လန်ဒန်)က ငွေကျပ် သိန်း ၁၀၀၊ ဦးကျော်မောင်-ဒေါ်မြတ်နှင်း (စည်တော်မင်္ဂလာရပ်၊ ပြည်မြို့)က ငွေကျပ်ငါးသိန်း၊ ဦးတင်အောင်(ရွှာထောင်ကျေးရွာ၊ အောင်လံမြို့နယ်)က ငွေကျပ်သုံးသိန်း၊ ဦးချစ်ဆွေ-ဒေါ်ကြင်ငွေ(ကောင်းထက်-စိန်ရွှေရတနာဆိုင်) ကျောက်တန်းမြို့က ငွေကျပ်သုံးသိန်း၊ ဦးဝင်းကြိုင်-ဒေါ်သောင်းသောင်းဌေး(ရောင်ခြည်ဦး) ပြည်မြို့၊ ဦးဘိုနီ-ဒေါ်သဲ၊ (သား) ဦးစိုးဝင်း- ဒေါ်ကြည်စိန်(ဗိုလ်-ပဲကြော်မိသားစု)၊ ဦးမင်းနိုင်-ဒေါ်ခင်သောင်း မိသားစု (ဗိုလ်ချုပ်လမ်း)၊ ဒေါက်တာစိုးသန်း-ဒေါ်တင်တင်စု မိသားစု (ပြည်မြို့)၊ ဦးစိန်လှမောင်- ဒေါ်မြမြလေးမိသားစု(ပြည်မြို့)တို့က ငွေကျပ်တစ်သိန်းစီတို့ကို လည်းကောင်း၊ ဦးသိန်းညွှန့်-ဒေါ်နီနီဝင်း (အောင်မင်္ဂလာအော့ဖ်စက်)က ငွေကျပ် ၅၁၂၅၀၊ ဦးတင့်လွင်-ဒေါ်မြမြလွင် (တော်ဝင်စက္ကူစက်)၊ ဦးချစ်လွင်-ဒေါ်ကျင်ယုမိသားစု(ပြည်မြို့)၊ (ဦးသံနိုင်)- ဒေါ်ငွေရီ မိသားစု(ပြည်မြို့)၊ ဦးတင်လှ-ဒေါ်လေးလေးထွန်း(ကသစ်ကန်၊အောင်လံမြို့နယ်)တို့က ငွေကျပ်ငါးသောင်း စီတို့ကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြပြီးပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဘဝင်းနှင့် တာဝန်ရှိသူများကလက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပဲခူးတိုင်းသံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရဓဇက အနုမောဒနာတရား ဟောကြားတော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မေတ္တာအခါတော်နေ့ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းက ကြီးမှူး၍ (၁၂)ကြိမ်မြောက် မေတ္တာအခါတော်နေ့တွင် (၅၂၈)ကြိမ် အသံမစဲ ရွတ်ဆိုပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

မေတ္တာပို့ဂါထာများနှင့် မေတ္တာပို့ မေတ္တာဘာဝနာ စီးဖြန်းကြပြီး လယ်တီမဟာသရဏဂုဏ်တော်ကြီးကို ပူဇော်ကာ မေတ္တာပရိတ် ရေစင်ရေသန့်ဘူး ၅၀၀ ကျော် ဒါနပြုပြီး ၄က်များ၊ ငါးများကို ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသည်။ (က-ပ)

မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်ရေးရည်ရွယ် မြို့ကြီးကိုးမြို့၌ တာဝေးအပြေးပြိုင်ပွဲများ ကျင်းပမည် ပြည်နယ်/ တိုင်း လူငယ်ပြေးခုန်ပစ်ပွဲ ရန်ကုန်၌ ကျင်းပရန်စီစဉ်

သတင်းဆောင်းပါး

ညီညီစိုးညွှန့်

ဓာတ်ပုံ- စိုးညွှန့်(ကြေးမုံ)

အသစ်ပြန်လည်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်သည် ပြေးခုန်ပစ်အားကစား တိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ မျိုးဆက်သစ် ပြေးခုန်ပစ် အားကစားသမားများ ပေါ်ထွက်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ်အသစ်သည် မျိုးဆက်သစ် ကစားသမားများ ရှာဖွေရာတွင် ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင် တာဝေးအပြေးပြိုင်ပွဲများ ကျင်းပခြင်းနှင့် ပြည်နယ်နှင့်တိုင်းလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲများကို မကြာမီ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။ ယခုကဲ့သို့ ပြည်နယ်နှင့်တိုင်းများတွင် ပြိုင်ပွဲများ ကျင်းပပေးပြီး ဆုကြေးများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်၍ ပြေးခုန်ပစ်အားကစားသမားများ ပိုမိုစိတ်ဝင်စားလာကြမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရခြင်း၏ အနှစ်သာရလည်း ပေါ်လွင်လာမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်း

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ပြိုင်ပွဲများနှင့် ပတ်သက်၍ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက်အား ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးမြသန်းထိုက်က "အဖွဲ့ချုပ်အနေဖြင့် စက်တင်ဘာလတွင် တာဝေးအပြေးပြိုင်ပွဲများ၊ နိုဝင်ဘာလတွင် ပြည်နယ်နှင့်တိုင်း လူငယ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ (၁၅) ကီလိုမီတာ တာဝေး အပြေးပြိုင်ပွဲများကို စက်တင်ဘာ ဒုတိယပတ်၊ တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် မြို့ကြီးကိုးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၂ရက်တွင် မန္တလေးမြို့၊ ပြည်မြို့နှင့် ပဲခူးမြို့တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၁၈ရက်တွင် တောင်ကြီးမြို့၊ မော်လမြိုင်မြို့နှင့် မကွေးမြို့တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၂ရက်တွင် လားရှိုးမြို့၊ စက်တင်ဘာ ၂၆ရက်တွင် မြစ်ကြီးနားမြို့နှင့် ပုသိမ်မြို့တို့၌ အသီးသီး ကျင်းပမည် ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက် ကြေးမုံသို့ပြောကြားစဉ်။ [ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)]

ဆုကြေးများအနေဖြင့် ပထမ ကျပ်တစ်သိန်း၊ ဒုတိယကျပ်ခုနစ်သောင်းခွဲ၊ တတိယ-ကျပ်ငါးသောင်း၊ စတုတ္ထ ကျပ်သုံးသောင်း၊ ပဉ္စမ ကျပ်နှစ်သောင်း၊ ဆဋ္ဌမ ကျပ်တစ်သောင်း၊ သတ္တမမှ ဒသမအထိ ကျပ်ငါးထောင်စီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ မြို့ တစ်မြို့တွင် ကျား/မ အတွက် ဆုချီးမြှင့်ငွေ ခြောက်သိန်းတစ်သောင်း၊ ပြိုင်ပွဲကျင်းပစရိတ် ကျပ်တစ်သိန်း၊ စုစုပေါင်း ကျပ်ခုနစ်သိန်းတစ်သောင်းရှိကြောင်း၊ မြို့ကိုးမြို့အတွက် စုစုပေါင်းကုန်ကျမည့် ငွေမှာ ကျပ် ၆၄သိန်းခန့်ရှိကြောင်း၊ အဆိုပါ ပြိုင်ပွဲ ဝင်လိုသူများသည် အသက်(၁၄)နှစ်ပြည့်ပြီး (၂၄)နှစ်မကျော်သူများဖြစ်ရမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ပြိုင်ပွဲများ၊ ချစ်ကြည်ရေးပွဲများအပါအဝင် နိုင်ငံကိုယ်စားပြုကစားဖူးသော လက်ရွေးစင် ကစားသမားများ၊ ငါးနှစ်အတွင်း၊ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများ၌ မီတာ-၅၀၀၀၊ ၁၀၀၀၀နှင့် မာရသွန်ပြိုင်ပွဲများတွင် ပထမရရှိခဲ့သူများ၊ အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ၌ မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀ နှင့် မာရသွန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ ရရှိခဲ့သူများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

ဆုကြေးငွေကျပ် ၂၇သိန်းကျော်

ပထမအကြိမ် ပြည်နယ်နှင့်တိုင်း လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် နိုဝင်ဘာ ၈ရက်မှ ၁၂ရက်အထိ စတင်ကျင်းပမည်ဖြစ်ပြီး အသက် (၂၀) အောက်၊(၁၈)နှစ်အောက်ဟူ၍ နှစ်တန်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် တစ်ဦးချင်း ကျား/မ ၉၄ပွဲရှိမည်ဖြစ်ကြောင်း၊ အသင်းလိုက် ဆုရရှိသည့်အသင်းများကို ပထမ ကျပ်သုံးသိန်း၊ ဒုတိယကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။ တစ်ဦးချင်း ဆုရသူများကို ပထမ ကျပ် တစ်သောင်း၊ ဒုတိယ ကျပ်ခုနစ်ထောင့်ငါးရာ၊ တတိယကျပ်ငါးထောင် ချီးမြှင့်ရန် သတ်မှတ်ထားရာ ဆုကြေးငွေ စုစုပေါင်းမှာ ကျပ် ၂၇သိန်းကျော် ရှိကြောင်း သိရသည်။

ဆက်လက်၍ ဦးမြသန်းထိုက်က "လေ့ကျင့်ရေးစခန်းများကိုတောင်ကြီး၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ ပဲခူး၊ ဟားခါး၊မြစ်ကြီးနားနှင့် ပြင်ဦးလွင်မြို့များတွင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နှစ်လုံးပေါက် ဖွင့်လှစ်မည်ဖြစ်ပြီး တာဝေး၊ တာလတ်များကို စတင်လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ နည်းပြဆရာတစ်ဦး(သို့)နှစ်ဦးဖြင့် လေ့ကျင့်စေမည်ဖြစ်ပြီး ထိုနည်းပြဆရာကို အဖွဲ့ချုပ်က ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ကစားသမားများကိုလည်း အလျဉ်းသင့်သလို အင်္ကျီ၊ ဖိနပ်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ နည်းပြသင်တန်း၊ ဒိုင်သင်တန်းများကိုလည်း ပြည်နယ်နှင့် တိုင်းများ၏ တင်ပြချက်အရ အဖွဲ့ချုပ်က ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း" ကြေးမုံသို့ ရှင်းပြသွားသည်။ **(ကြေးမုံ)**

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

အားထားရတဲ့ "သား"

သားငယ်လေး **မောင်ရဲမာန်စိုး** (II.A, TTC)၏ စက်တင်ဘာလ(၄)ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒများ ပြီးပြည့်စုံပါစေ...။

ဖေဖေ – ဦးမောင်မောင်ဌေး [YCDC]
မေမေ – ဒေါ်ဌေးဌေးရီ
မမ – ခက်ခက်ခိုင် [1st SMS, 3rd Year (Eco)]
ကိုကို – ကျော်စိုးဟန် [VI-I, TTC, J5-2A(BC)]

ဦးအောင်ထိန်းကျော် (Translation)

Sep: 2/4/6 ဖွင့်မည်

အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာရေးနည်း

National Development Co., Group Ltd. (Public Company)

မြစ်သာယာ

ENGLISH (U.M.N)

GRAMMAR

Visa Home Interview

အာလီဗွာ GCE ဘာသာရပ် သင်တန်းများ

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

◆ Junior Management & Office Staff

Email, Internet

Budget Training Program

◆ English Foundation Course

(Social & Business English)

(Student's book, work book)

သွားလာလှုပ်ရှား ခြေဖဝါးလေးများအတွက် လုံခြုံ လှပ စိတ်ချရမယ့်

အထူးချုပ်ဖိနပ်

IL

Panasonic

အဝတ်လျှော်စက် (Fully Auto)

NA - F60 GS - Ks - 193,000/-
NA - F60 GT - Ks - 180,000/-

ရေခဲသေတ္တာ

NR - A191 - Ks - 139,000/-
NR - B17D3 - Ks - 230,000/-
NR - B22S3 - Ks - 295,000/-
NR - B26D2 - Ks - 325,000/-

ရန်ကုန် Show Room - No.198/200 ☎ 726843
မန္တလေး Show Room - No. 262 ☎ 32180

Registration No. 4/4704/2004

■ ကုန်အမှတ်တံဆိပ် သတိပေးကြော်ငြာချက် ■

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုံအပိုင်း(၃)၊ လှည်းဂီတလမ်း၊ အမှတ်(၆၀–၆၉)တွင် ရုံးခန်းနှင့်တကွ စက်ရုံတည်ရှိသော **Myanmar Lighting Manufacturing Co.,Ltd.** သည် တစ်ဖက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများနှင့် ဒီဇိုင်း၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

တစ်ဖက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များနှင့် ဒီဇိုင်းတို့ကို အသုံးပြု၍ **Electronic** ပစ္စည်းများ ထည့်သွင်းသုံးစွဲထားသော မှန်ချောင်းမီးချောင်းများ၊ စာရေးတင်မီးချောင်းများ၊ စာကြည့်မီးချောင်းများ၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်လုပ်ထားသော မီးချောင်းများ၊ လျှပ်စစ်နှင့် သက်ဆိုင်သော ပစ္စည်းအမျိုးမျိုးအပြင် ၎င်းတို့၏ ကိုယ်ထည်အစိတ်အပိုင်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ပါ၍ တစ်ဦးတည်းပိုင်ရှင်အဖြစ် ရန်ကုန်မြို့ တရားရုံးများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်သော တစ်ဖက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အလုံးစုံကိုဖြစ်စေ၊ ဆင်တူတုပ၍သော်လည်းကောင်း၊ ပုံတူကူး၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန် သတိပေးထားခြင်းဖြစ်ပါသည်။ ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

Myanmar Lighting Manufacturing Co.,Ltd. ၏ညွှန်ကြားချက်အရ –
ဦးတင်ဝေ(B.Sc,H.G.P.,R.L.,D.B.L.,D.A.Psy.,D.M.L)–တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ်(၁၃)၊ (၅)လွှာ၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Phone : 228310, H.P : 09-50-06764

မှဲ့ရှင်ဆရာတော် ဝိဇာတမင်္ဂလာကျင်းပ

ရွှေတောင် ဩဂုတ် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ငါးဆူတောင် ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဖြစ်တော်မူသော သာသနာပြု မှဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ သက်တော်(၆၆)နှစ်မြောက် ဝိဇာတမွေးနေ့ အလှူတော် မင်္ဂလာ အခမ်းအနားကိုဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက မဟာမုနိ ရုပ်ပွားတော်မြတ်ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေ ရွှေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယအဂ္ဂမဟာ အကျော်အဂ္ဂမဟာပဏ္ဍိတ ရွှေတောင်မြို့ ဂန္ဓာရုံကျောင်းတိုက် ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်ဌာနဆိုင်ရာများ၊ သီလရှင်ဆရာကြီးများနှင့် ဆရာလေးများ၊ ဘာသာရေးအသင်း အဖွဲ့များ၊ ဝတ်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

(၁၄၃)

ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ မြို့တွင်းလမ်းများ ပျက်စီးမှုကို ယာဉ်သွားလာမှုအခက်အခဲမရှိစေရန် ပြုပြင်လျက်ရှိရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဩဂုတ် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (၄၀၁)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်က ကျောက်မဲမြို့နယ် ပန်စီ(ဝိုး) ကျေးရွာအုပ်စု စာပန်းအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ပန်စီ(ဝိုး)ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းဆု စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(ခရိုင်ပြန်/ဆက်)

အိမ်တွင်းမှုသက်မွေး သင်တန်းဆင်းပွဲကျင်းပ

တီးတိန် ဩဂုတ် ၃၀

ချင်းပြည်နယ် တီးတိန်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံသင်တန်းအမှတ်စဉ်(၂/၂၀၀၄) ဆင်းပွဲကို ဩဂုတ် ၂၀ နံနက် ၉ နာရီတွင် အဆိုပါ သင်တန်းကျောင်းခန်းမဆောင်၌ ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညိုက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက သင်တန်းတွင် သိုးမွေးစက်ထိုး ဘာသာရပ်ကို ထူးချွန်စွာ အောင်မြင်သော မကျိန်လမ့်လွန်းအားလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ကျင်းဒိုညောင်က စက်ချုပ်ဘာသာရပ် ထူးချွန်စွာအောင်မြင်သော မဂင့်မန်းကျင်းအားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ပြီး မြို့နယ်ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမေက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ်ပြန်/ဆက်)**

ဧရာဝတီမြစ်အတွင်း ငါးသားပေါက်များ စိုက်ထည့်

စစ်ကိုင်း ဩဂုတ် ၃၁

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်း၊ ငါးသားပေါက်များ စိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေပေါက်ကျွန်းဘုရားဆိပ်ကမ်းတွင် ကျင်းပသည်။

